ဒိုင်ခံအဓဓအဘောက်တန်း။ ။မသိုက်, မောင်ဘကြွယ်, မောင် ကျော်, မောင်ဘသွတ်, မောင်ဘူး, မောင်ထွန်းပေ, စံထွန်းအောင်, မောင်ဖှာအောင်, မောင်ပေမြိုင်, မောင့်အေးပေ, မောင်ငွေလင်း။
ဒိုင်ခံအကေါ်စီအဓဘက်တန်း။ ။မသိန်းမေ, မောင်ဘ သန်း, မောင်ခုန်းထင်, မောင်ဘချွန်, မောင်ဘသန့်, မောင် ကျော် မြိုး, မောင်သာဘင်, ဘိန္ဒလောင်း၊

( ဆောင်ပုဒ်-တားထပ် )။ ။ဝီအေမ,သွောက်တမ်းကာ။ ကြောက်ခမန်း ပါပေ။ နောက်တမန်း၊ ညာသခြေမှာ၊ မြှမ်းမာတွေ အဆောက်။ ။ကျောက်ဖီးသွေး အမဲချိုင်းသလို။ ခဲကျော်ခေါင်-ကျောင်းတွေက ထွက်။ ။ရှစ်ခဲ,နှစ်, မြတန်း ဆောင်မှာညာ* သန်းကောင်မျှော်လျက်လေ,စန်းရောင်တော်ဆက်တဲ့,ကျော်ချယ် ရက်နေ့ဝယ်၊ ။ဝေသာလီ,ညီလာခွဲလိုမ။ ညီရှာတဲ့သီတတ်ပေ့ကွယ်။ ။အကြည် မတ်မွေ့,စွယ်ပေ။ တော့ထာကယ်အောင်မြိုဟုတ်ပြီထင့်။တောင်သိဂုတ်-နန်းရွေ အောက်မှာမြိန်းချိုရောက်လာ၊ဘဟန်းမြေ့ ရောက်သာယာမှာ၊ မှောက်သဟာ— သပိတ်ပေါ့လေ။

(ဝါ) တိတ်နိမိတ်ပေထင့်။ ကြိတ်ကြိတ်ကယ်နှင့်၊ သိမ်နှစ်လိမ်မှောက်သဟာ မှာ ကျောက်စာတောင် ထိုးလောက်ကဲ့လေး။

(ဝါ) အမျိုးသာရယ်တို့၊ အကျိုးများဆောင်တဲ့,တိုကျ။ပျိုအပေါ်ကွ သည့်။ အမှောက်မှာ ဒိုလ်ရွှဲပေါ့လေး။

---

* သနေအခါ၊ "သန်းခေါင်" ဟုရေးသားလေ့ရှိကြသည်။ ။ပိုရာတွင်း ဘွဲ့တင် လက်ဘွဲ့၊ "ညဉ့်နက်သန်းကောင်မှလုံးဝေလာင်လျက်သည့်ခေါင်တုန်ရိုက်မှိုရျင်းတိုက်,ပြီ" ဟုသော‌ခွဲအသုံးလိုးနှင့်အညီ၊ ဤဘားထဲမှာ "သန်းကောင်" ရေးသားကာလေး လေးလေး စားစား၊ မှတ်သားကြရာ၏။

ယင်းသို့လျှင်၊ အကြင်ကျွန်ုပ်တို့၏ တမြို့မ ထည်းဟူသော
ရှေ့မှ မရှိတည်းဟူသော ဘိသေယမ၏ ရတီယချောက်ထင်း
ချောက်ထုံး များကို၊ ကြွားနာရ သဖြင့်၊ ကျွန်ုပ်တို့မှာ များစွာမှ
ဝမ်းသာအားရရှိတော်မူသည်နှင့်၊ အိုတပည့်မမေရီ၏ညီမည်သော
မနူလေးရတနာပုံ၊ ရိပ်မြုံတောင်မန်း၊ အောင် ကြွှန်းဝင်၊ နန်း
မတော်မောင်၊မေဝမင်းခေါင်အကြောင်းများကိုရေးသားစီကုံးခဲ့
ပေတဲ့၊ ၊***"ရွှေညွှန့်ရ၊ မေဝတဲ့မင်းခေါင်၊ ၊ဟဋ္ဌမ၊ သင်္
ဟနာတင်တဲ့၊ဘဝရှင်ဆွေတော်ကျွန်မို့၊ နှစ်မြို့ဝန်-မိုင်းသေနတ်၊
နှင်းအပ်သောင်ပေယောင်၊ ၊အမျိုးကဖြင့် မေးတော့မောင်၊ ဘာ
ကောင်ထိုထင်သလဲ၊ ၊မကြောက်ထောက်ပါဘူး၊နောက်ပေါက်
တွေပဲဟူသမျှ၊ မိုးမှမပြ"၊ ၊ဟူသော ပရိဘာသာ၊ လေသည့်
အတိုင်း၊ ဇာတိုင်းစံ ယောဂီသည်၊ ဤမည်သောနောက်သားတွေ
ကို၊ယောကျ်ားမပီသ၊ရည်စရကောင်ကလေးတွေဟု၊ရှေးရှေးက
ထင်မှတ် မိချေသည်၊ ၊အနှိုလို ထမျိုးကြွား ရတော့၊ ကိုးစား
လောက်ပါပေတယ်၊ ၊ပိုးအပြားထခေတ်ခေါ်ကိုတောင်းစပ်ချိန်
အတွင်လုရချွင်၊ သင်ပြို့ရှင်- တင်ခေါင်းဆိုတဲ့၊ ဘောင်ချောင်း
ရိုထမ်းတိုက်ထောင် တောင်၊ လိုရင်း သောင် မည်ဟု၊ အောင်စည်
တော် သောင်ချွန်းထိုမို့၊ ပေါင်ကွန်း သိမ်းပိုက်ပြီး၊ ကျိန်းအလိုက်
ကောင်းစားမည်၊ယောကျ်ားသားတွေကဘဲဟု၊ အနှံ့နှံ့သောပဏ္ဍာ
ဆုတွေနှင့်၊သာရမျှားတောင်မှခေါ် ပိလေ၏။

ထိုသို့သေပရမျှားခေါ် ပြီးလျှင်၊ အကြင်သို့သော ဝတ်ရုံတော်
ထိပ်တွင်၊ ရှင်မဟာ ရဋ္ဌသာရ သိတင်း သုံးတော်မူ ဘုရားသော
ကျောင်းတော်ရာကိုလည်းကောင်း၊ ၊ရင်းပြင်တခြား၊သင်ရှု
ရှင် ဘုရား၏အရှေ့ဘက်နားတွင်၊ ရှင်မဟာသီလဝံသ၏အမျိုး
ပွားပနာခဲ့တဲ့၊ရတနာမနိဘုရားကိုလည်းကောင်း၊ ၊ရွှေပေါင်
နှောင်းဖြစ်တွေ စိတ်ကူး စိတ်ကူးပြီး၊ ဗုဒ္ဓချင်စိတ် ပေါက် ရှိ
ရောက်ချင်စိတ် ရှိမှ သဖြင့်၊ ကိုင်း-တပည့်မ တို့၊ အဘုည့်ကို
အဘုည့်ကိုဘုန်ခံခြင်း၊ဝတ်များကိုလဲ၊ချွတ်ယွင်းခြင်းမရှိစေကြနှင့်၊

ဝိသေသသ အကြောင်းရေးခဲ့လျှင်၊ ရှောင်းဦးက မပဋ္ဌာဂကို၊ အခါ မသင့်၊ အပင့်ဖွတ်လိုက်ကြဘိသေသပဟုပြောပြီး။ တလေသောတခါ၊ တခေတာ၁ခွါဝရက်၊ ခေသဇ္ဇဥ္ဇခဏာ၊ ကြွတော်မူကြီး ကြွတော်မူဖြင့် ရေသသတတည်း။

ဘိဒေအမ,ကရွော နိဋ္ဌိတော။

---

ထိုင်းကောက်ဖြစ်ခြင်းကို၊ဇာတ်ရင်းကဖြန့်၍
ပေါ်ပေါ်တော်မူခြင်း။

ကျွန်ုပ်တို့သည်၊ ဤမည်သောသင်မဟာ ရဋ္ဌသာရ ကျောင်းတော်ရာနှင့်ရှင်မဟာသီလဝံသ၏သင်းချင်းတော်များကို၊ရေးရှုံ ခဲ့ပြီးကာလ၊ ဘိတင်း သုံးတော် မူရင်း ဖြစ်သော သပိတ်လွယ် တောင်ထိပ်သို့၊အဘိတ်နေ့ကပင်ဖြန့်သည်ကြွရောက်တော်မူသော ရာ။ သောဒါ,ကောသာ,ခေမာ,စသော ထပည့်မ တို့သည်၊ ညချမ်း သောအခါ၊ တရားပေစာ နာခြင်းငှါ လာရောက်ကြ၍၊ ထနေ့က- ဘိဒေအမ,မေရိတ္တောက်သည့် သပိတ်ပျောက်အခြင်းအရာများနှင့် ပတ်သက်၍၊ ဖွတ်လွက် ဖွတ်ချက် တို့ကို၊ ဆက်လက်၍ ထပန်၊ ပေါ့လိုပြောလိုဖြန့် သနှင့်၊ ထမန်က ထိုင်းကောက်ကို၊ ကိုင်း- ထထောက်ဆက်ကြီးမို့ တယ့်မရို့၊ အဘယ်ကဲ့သို့ ဆက်ပါမည် နည်းဟူမူ။

အိုတပည့်မအပေါင်းတို့၊ ကျွန်ုပ် တို့ သည်၊ ငှင်း ထိုင်း ကောက် မဖြစ်မီ၊ အတီတေကာလ၊သုရိယသတင်းစာ ပေါ်ကာတဲ ပင်၊ အကြင် သုရိယ တိုက်ရှစ် မောင်တျာသော၊ မောင်ဘပေတို့ ပင့်ဆွောက်သဖြင့်၊ အောက်မြည်ရန်ကုန်သို့ရုန်ဆင်းတော်မူခဲ့ပြီး နောက်။အောက်နှင့်အထက်၊ဆန်တက်ရန်ဆင်းကာသွားလာနေ၍၊ တခါတခါမှာလည်း၊ မြေလတ်တနိုဟုခိုအပ်သော၊ထိုမည်သော သရေခေတ္တရာမည်သော ပြည်မြို့ကြီး၏၊ မှီဝီးမက်လာ သာသွယ် တကာထ်မြင့်မောက်တျာသော မိုးဦးတောင်ထိပ်မှာ ဘိတင်း သုံ

ပြီး၊ နဝင်းတုံး အချက် မိလောက် အောင်၊ အပ္ပိရုတ် ထိုးတော် မူသ၏။

ယင်းသို့အပ္ပိရုတ်ထိုးပြီး၊ အမျိုးသားသာသနာ့နှင့်မညီသော အသွေး မေး ဝေ မှ မည် ဟု၊ အနှိုလို လုပ်ကိုင် နေ သော အဖြစ်၊ သက္ကရာဇ် ၁၂၈၂-ခု၊ ဘိတင်းကျွတ်လ အ တွင်း သည် ကား၊ ဤမြန်မာပြည်အတွင်းအသင်းအပင်းဟုသမှုတ်၍လည်း၊ တွေ့ရှိသော အပေါ်ဝါဒ ရှိကြကုန်၏။ ဦးဥတ္တမ ကိုယ်တော် သည် လည်း၊ အနှိုင်းအခါ၊ အိန္ဒိယနိုင်ငံမှာ ရှိနေသဖြင့်၊ မိမိတို့အမျိုးသားတို့၊ တိုးပွါးရာ တိုးပွါးကြောင်း၊ ၎င်းအိန္ဒိယ လူကြီးခေါင်းဆောင်တို့၊ ကောင်းအောင်လုပ်နည်းကိုင်နည်းများကို၊ မြန်မာပြည်အတွင်း၌၊ သတင်းစာတိုက် တို့သို့၊ မပြတ်မလပ် သတင်း ပို့လျက်ရှိနေတော်မူ၏။ ယင်းသော အခါ၊ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ၊ ကျန်သည့်အလုပ်သမား သင်းရဲ့သားတို့အသင်းများ၏ "ကွန်ဂရက်" အစည်းအဝေးတွင်၊ နည်းပေးလမ်းပြ၊ ဥတ္တမ ဗြိတိခင်-ထောထောရှု ပတ်ရေးပြောဆိုသောစကားတို့သည်လည်း၊ စိတ်အားထက်သန် ဖွယ် ကောင်းပါ ပေ၏။ ထိုမှ တပါး၊ အိုင်ယာလန် ကျွန်းက လည်း၊ လွှတ်လပ်ပြီး၊ အပေါက်ကြီး ပွက်သဖြင့်၊ ကြက်သီး ထ ဖွယ်သည် ကောင်း၏။ ယင်းမှ တပါး၊ ဝန္နီဟုသောပုဂ္ဂိုလ် ကြီးကလည်း၊ အိန္ဒိယနိုင်ငံလျှောက်ကာ၊ သပိတ်မှောက်တရား များကို ဟောကြားသဖြင့်၊ ကျောင်းများကို သပိတ် မှောက် ခြင်း များနှင့်၊ လူထုအား ကောလိပ် ကျောင်းတွေ ထောင်၍၊ ထမြောက် အောင်မြင်ကြ၏။

ယင်းသောအချိန်အခါမှာ၊ ငါတို့မြန်မာပြည်က၊ အာဏာနည် ခေါင်းဆောင်ဆိုသည့်ကိုယ်စားလှယ်ကြီး-ဝတ်လုံတော်ရ ဦးပု၊ ဝတ်လုံတော်ရ၊ အမ်အေ,မောင်ထိန်းမောင်၊ သူရိယတိုက်မှ၊ ဘီအေ,မောင်ဘပေတို့သည်လည်း၊ ဤမည်သော ဒုတိယ အခေါက်၊ နှစ်ကြိမ်မြောက်သွားပြန်သဖြင့်၊ အင်္ဂလန်ပြည်မှာပင်ရှိနေကြသော ဟူ၏။ ထိုသို့ရှိနေကြရာ၊ တရံရောအခါ၊ မြန်မာ ကိုယ်စားလှယ်

ကြီးယောင်ဘာပေကာ၊ မြန်မာပြေအတွင်း၊ သုရိယသတင်းစာတိုက်သို့၊ တိုက်ရိုက်ပို့လိုက်သောခရီးစဉ် နေ့စဉ်မှတ်တမ်း မှာသည်း၊ လွန်စွာစိတ်မြောက်ပြီး။ သပိတ်မှောက်ဘွယ်ကောင်းပါပေ၏၊ ။ သပိတ် မှောက်ဘွယ်ကောင်းပုံမှာသည်း။အောက်ပါအတိုင်းပင်ဟူလို၊

## မောင်ဘာဝေ၏ နေ့စဉ်မှတ်တမ်း။

၇-၁၀-၂၀-က၊၁၃-၁၀-၂၀၊ ၊အောက်တိုဘာလ ၇-ရက်နေ့တွင်၊ မြန်မာပြည်အတွက်၊ မည်ကဲ့သို့ စီမံမည်ကို၊ မစ္စတာမွန်တေဂူထံမှသတင်းရရန်စီမံထားသော်လည်း၊ ၎င်းနေ့တွင်ပင် မစ္စတာမွန်တေဂူ မကျန်းမာ၍ အလုပ်မဆောင်နိုင်သဖြင့်၊ အကျိုးအကြောင်း မသိရဘဲရှိ၏၊ ၊ဤကဲ့သို့ ဖြစ်လျက်နေရာ၊ မစ္စတာမွန်တေဂူကျန်းမာလျှင်ကျန်းမာခြင်း၊ သိနိုင်ရန်သာထပ်မံ၍စီမံရပေသည်၊

အတွင်းစကားကြားရသည်မှာ၊ အိန္ဒိယအစိုးရတို့က၊မိမိတို့အကြံပေးချက် အတိုင်းသာ စီမံပေးရန် ခုခံ၍နေသဖြင့်၊ မစ္စတာမွန်တေဂူမှာ၊ ၎င်းတို့ဘက်သို့စိတ်ပါလာသော ရှိပုံထင်ရှားသော ရှိပေသည်၊ ၎င်းသတင်းမှန်ပါက၊ပြည်မပြည်သူပြည်သားတို့လိုလားချက်နှင့် ဆန့်ကျင်၍၊ အတင်း စီမံခြင်းပင် ဖြစ်လေ သည်။ ၊ ဤသို့ဖြစ်ခဲ့ပါမူ၊မည်သို့ခုခံရမည်ကိုစီမံရန်သင့်ပေသည်၊မစ္စတာမွန်တေဂူသည်၊ မြန်မာပြည်သူပြည်သားတို့လိုလားချက်နှင့်အညီ မပေးခဲ့ပါမူ၊ ထမ်းဆုံးသို့၊ရောက်ရှိပြီဖြစ်၍၊ ဘိလပ်တွင် ထပ်မံကြိုးစားရန်လိုဖွယ်တော့သည်မထင်၊ မြန်မာပြည်တွင်ပင်၊ကြိုးစားရန်လိုပေသည်၊ကျွန်တော်တို့လိုလားသောအချက်မှာ၊မြန်မာပြည်သည်၊ ဗြိတိသျှ အင်ပိုင်ယာ နိုင်ငံ အပေါ်အဝင် ဖြစ်သော်လည်း။ အတွင်းရေးကိစ္စဟူသမျှတို့တွင်၊တိုင်းသူပြည်သားတို့ဝင်ရောက်၍ စီမံနိုင်သော တာဝန်ခံအုပ်ချုပ်နည်းလိုလားခြင်း ဖြစ်ပေသည်၊ အစိုးရကမပေးလိုမူ၊ မြန်မာပြည်ဘွား တိုင်းရင်းသားတို့သည်၊

မိမိတို့ဘာသာသာစီမံ၍ယူရန်သင့်ပေသည်၊ ဤသို့စီမံရာ၌၊ အောက်ပါ အချက်တို့ဖြင့် စနိုင်၏။

ရွာတိုင်းတွင်၊ရွာကော်မီတီများဖွဲ့စည်းခြင်း။ ၎င်းရွာ ကော်မီတီတို့သည်၊ ရွာ၏ကျန်းမာရေး၊ရွာသူရွာသားတို့၏ပညာရေး၊ ရွာသူရွာသားတို့၏စီးပွါးရေး၊ ရွာသူရွာသားတို့၏သာသနာရေး စသည်တို့ကိုစီမံရန်ဖြစ်၏။ ။စီမံပုံမှာ၊ရွာတိုင်းတွင်ကလေးများ အတွက်ကျောင်း၊ လူကြီးများအတွက် စာဘတ်ရုံဖွင့်ခြင်း၊ (ဤ အရာတွင်၊ ရဟန်းတော်များကူညီနိုင်၏။) ရွာတိုင်းတွင်၊ ရွာသူ ရွာသားများ စားသုံးသော ပစ္စည်းများ ဝယ်ရန်နှင့်၊ ရွာက ထွက် သော ပစ္စည်းများရောင်းရန်၊ ၎င်းအတွက် သမဝါယမ အသင်း ဖွဲ့ခြင်း၊ ထိုရာတွင် လူခိုးသူမိုက်နည်းရန်နှင့် ကျန်းမာရန်၊ ၎င်း အတွက် ဥပဒေလုပ်ခြင်း၊ အမှုအခင်း ဖြစ်ပွါး လာလျှင်၊ ရုံးဖြင့် ကသွားသို့မသွားဘဲ၊ ရွာကော်မီတီ လူကြီးများ စီမံချက်ကို နာခံ ခြင်း၊ နိုင်ငံခြားပစ္စည်းများကို အသုံးနည်းနိုင်သမျှ နည်းအောင်၊ အိမ်တအိမ်, ယက်ကန်းစင် တခု ရှိစေခြင်း၊ ရွာတွင် သုံးသော ပစ္စည်းဟူသမျှကို၊ ရွာတွင်ဖြစ်နိုင်သမျှဖြစ်အောင် ကြိုးစားခြင်း၊ တရွာလုံးတွင် ညီညီ ညွတ်ညွတ် သင့်တင့် မျှတကြ၍၊ စည်းလုံး ညီညွတ်စေခြင်းတို့ဖြစ်လေသည်၊(၎င်းအရေးတို့တွင်၊ရဟန်းတော် များကသမ်းဖြနိုင်ပေသည်။)အတိုကောက်မှာ၊

(၁) ရွာတရွာလျှင်သမာဓိကော်မီတီတခု။
(၂) ရွာတရွာလျှင်၊ သမဝါယမ အသင်းတသင်း။
(၃) ရွာတရွာလျှင်၊ စာသင်ကျောင်းတကျောင်း။
(၄) ရွာတရွာလျှင်၊ စာဘတ်ရုံတရုံ။
(၅) အိမ်တအိမ်လျှင်၊ ယက်ကန်းစင်တစင်။
(၆) ရွာသုံးပစ္စည်း၊ ရွာတွင်ရှိစေခြင်းဖြစ်စေခြင်း။
(၇) ရွာသူရွာသားတို့ညီညွတ်ချစ်ခင်စည်းလုံးကြခြင်း။

ရွာများတွင်၊ အထက်ပါအတိုင်းဖြစ်စေသကဲ့သို့၊ မြို့များတွင် လည်းဖြစ်စေလိုပေ့မည်၊ မြို့များမှာ ရွာများထက်ကြီးသဖြင့်၊ ၎င်

ကွက်ချွဲ၍ အထက်ပါအတိုင်းဖြစ်စေသည့်ဖြင့်၊ တမြို့လုံးအုပ်ချုပ်ရန်အတွက်လည်းထပ်မံ၍စီမံရပေလိမ့်မည်။

အထက်ပါအတိုင်း။ရွာတိုင်းမြို့တိုင်း၌ဖြစ်ခဲ့လျှင်၊ရွာနှင့်မြို့များ ဆက်သွယ်ရန် အတွက်၊ အဖွဲ့ အစည်း များ စီမံ ရလိမ့် မည်၊ ထိုနောက်၊ ဒီစတြိတ်စီရင်ရ တခုလုံးကိုချုပ်ရန် စီမံရလိမ့်မည်၊ ၎င်းနည်းတူ တပြည်လုံးအတွက်စီမံရလိမ့်မည်။

ယခု အခါ၊ ပိုင်-အမ်-ဘီ-အေ- အသင်း များ နှင့် အလားတူ အသင်းများရှိသဖြင့်၊ ၎င်းအသင်းများ ရှိရာ၊ ရွာတိုင်းမြို့တိုင်းက အခွင့်ပြုပါလျှင်၊ အလွန်ပင်လွယ်ကူပေလိမ့်မည်။ ကျွန်တော် ပေးသော အကြံအစည်သည်၊ အစိုးရနှင့် ဆန့်ကျင် သည့်လည်း မဟုတ်၊ ဥပဒေနှင့်လည်းမဆန့်ကျင်ပေ၊ ဖြစ်မြောက်ရန် မလွယ် ကူဟုလည်းမပြောနိုင်ပေ၊အထက်ပါအကြံအစည်ကိုဖြစ်မြောက် အောင်ကြိုးစားရာ၌၊ အထူးသတိပြုရမည့်အချက်တို့မှာ၊

(က) ငါးပါးသီလကိုကြပ်ကြပ်စောင့်ရှောက်ခြင်း။
(ခ) အစိုးရဥပဒေနှင့်မဆန့်ကျင်ခြင်း။
(ဂ) မှန်းဆိတ်မရှိစေဘဲ တရားသက်သက်မျှ ခြွင်းတို့ဖြစ်ရပေသည်။

မွန်မြန်မာတို့တွင်၊ လူမျိုး၊စကား၊ဘာသာသာလုံးဝံစေလူဝံသည် တို့ တူသည်တကြောင်း။ ယခုအခါ အလွန်တရာနီးကြား ထတွေ့ ကြ၍ ညီညွတ်ရာက်ရှိသည်တကြောင်း၊ ထို့ကြောင့်၊ကျွန်တော် အကြံအစည်သည်၊ တခြားတိုင်းပြည်မှာထက်၊ မြန်မာပြည်တွင် သာ၍ဖြစ်မြောက်နိုင်ပေသည်။ ၎င်းအကြံအစည်နှင့်ပတ်သက်၍၊ အထူးသတိပြုရန်အချက်တို့မှာ၊

(၁) မိမိကိုယ်ကို၊ မိမိမရိုသေလျှင်၊ မည်သူမှ ရိုသေမည် မဟုတ်၊ (၂) မိမိကိုယ်ကိုမိမိမချစ်လျှင်၊ မသနားလျှင်၊ မကြွလျှင်၊ မည်သူမှချစ်မည်သနားမည်ကြွဘလောမည်မဟုတ်၊ (၃) မိမိ ကိုယ်တိုင်တရားမရ၊သံဝေဂမဖြစ်လျှင်၊ မည်သူမှကယ်နိုင်မည်

မဟုတ်၊ ရင်းနှည်းတွေ၊ (၄) မိမိ လူမျိုး၊ မိမိ တိုင်းပြည်၊ မိမိ ဘာသာ သာသနာတို့ကို၊ မိမိမရိုသေချင်၊ အခြင်ရာ ရိုသေမည် မဟုတ်၊ (၅) မိမိလူမျိုး၊ မိမိတိုင်းပြည်၊ မိမိဘာသာ၊ သာသနာကို၊ မိမိတို့မချစ်ချင်၊ အခြင်ရာကချစ်မည်မဟုတ်၊ (၆) မိမိလူမျိုးကမှာသတိမရှုမကြိုးစားချင်၊ အခြင်ရာကကာယ်နိုင်မည်မဟုတ်၊ "ဥစ္စာရင်လိုကဥစ္စာရင်ခဲ့ရသည်"၊ တာဝန်ခံရေပ်မိုးနည်းရလိုကြမှု၊အသက်ပါအကြီးအစည် ထမြောက်အောင်မြင်ရန်၊ မြန်မာပြည်သွား တိုင်းရင်းသား ဟူသမျှ တို့သည်၊ ကိုယ်စီကိုယ်ငှ တာဝန်ယူ၍၊ မထမမြောက်မခြင်း၊ ကြိုးစားကြရန် တောင်းပန် လိုက်ပါပါသည်၊

မောင်ဘဓေ၊

* * * * *

ဒီတပ်ွဲ့မ အပေါင်းတို့၊ ၊ရင်းနောက် တမုံ၊ ရန်ကုန် ယူနီဘာစီတီ အက်ဥပဒေနှင့်စပ်လျဥ်း၍၊ ၊[၁၉၂၀-ပြည့်နှစ်တွင် ကြေငြာထားပြီးဖြစ်သည့်ရန်ကုန်မြို့၊ ယူနီဘာစီတီထိပ္ပံကျောင်းတော်ကြီးအက်ဥပဒေပုဒ်မ ၁၊ ဒုတိယပုဒ်မ ၂-အရနှင့်စပ်လျဥ်း၍၊ အဆိုပါ ထိပ္ပံကျောင်းတော်ကြီး၏ အက်ဥပဒေကို၊ ၁၉၂၀ ပြည့်နှစ်၊ ဒီဇဘ်ဘာ ၁-ရက်နေ့ကို အစပြု၍၊ အရေးယူအသုံးပြုမည် ဖြစ်ကြောင်းနှင့်၊ မြန်မာပြည် ဆိုင်ရာ အတွင်းဝန်-အောင်နာရေဘီ မစ္စတာအဗ္ဗလျူးဘူဝရေရှာဗီ၏ အမည်နာမနှင့်၊ နိုဝင်ဘာ ၃၀-ရက်နေ့တွင်၊ ရာဇ်ပြန်ကြေငြာလိုက်တယ်တဲ့]၊

ထို့နောက်၊ ဘီအေမ့ရှောက်ထားတဲ့ အတိုင်းပင်၊ ယခင်ကကူးရှင်းပဲကိုက်စကူးကျောင်းက၊ အပေါင်းသေဘာသဝိတ်တပ်ွဲ့တို့နှင့်ဝင်လျဥ်းပြီ၊ သုရိယ သတင်းမှာ၊ အောက်ပါအတိုင်း ထွေမြင်တော်မူရပြန်လေ၏၊

## ကုလားရှင်းပရိုက်စကူးကျောင်းသားများနှင့်ပတ်သက်၍ အစည်းအဝေးပြုလုပ်မည့်အကြောင်း။

ကျောင်း မ တက် ဘဲ ရှိ နေ ကြ သော၊ ကုလားရှင်း ပရိုက် စကူး ကျောင်းသား ကလေး များ၏ မိဘများ၊ အုပ်ထိန်းသူများ၊ ဗုဒ္ဓဘာသာဝင်တိုင်းသူပြည်သားများနှင့်၊ဗုဒ္ဓဘာသာကြီးပွါးရေးကို လိုလားသောသူတို့အားဖိတ်ကြားပါသည်။ အကြောင်းမှာ၊ ဗုဒ္ဓဘာသာအမျိုးသားကျောင်းသားကလေးများမှာ၊ ဘာသာကဲ့ ကျောင်းများတွင်၊ ပညာသင်ကြား နေရသည်တွင်၊ လွန်ခဲ့သည့် တန်းဆောင် မုန်း လဆန်း ၁၄-ရက် နေ့ က၊ ကျောင်း မပိတ်၍ ထွက်သွားကြရာ၊ ဈေးအခါကကဲ့သို့၊ တယောက် ၄ ပဲ ကျသော မဟုတ်၊ တယောက် ၃ ကျပ်ဖြင်းထန်စွာဒဏ်တပ်ခြင်းစသော အကြောင်းများကို၊ ချမ်းသာ ပေးသနားသပါရန်၊ ကျောင်းအုပ်ကြီး များကို တောင်းပန်သော်လည်းမရ၍၊ ၎င်းတို့၏ အမျိုးမျိုးနှိပ်စက် ခြင်းမှ ကာကွယ်ရန်၊ တညီတညွတ်တည်း ကျောင်း မတက်ဘဲ ရှိနေကြပြီဖြစ်ကြောင်း။

ထိုအကြောင်းများနှင့်ပတ်သက်၍၊ရန်ကုန်မြို့ပေါ်ရှိဗုဒ္ဓဘာသာ ဝင် ပြည်သူပြည်သားတို့နှင့် အဆိုပါကျောင်းသားကလေးများ၏ မိဘများ၊ အုပ်ချုပ်သူများ တွေ့ဆုံကြပြီးလျှင်၊ မည်ကဲ့သို့ စီမံကြ မည် ကိုဆုံးဖြတ်ရန်၊ ၁၉၂၀ ပြည့်၊ ဒီဇင်ဘာလ ၃-ရက်သောကြာ နေ့ ညနေ ၅ နာရီခွဲ အချိန်တွင်၊ ရန်ကုန်မြို့ ဗိုလ်ချုပ် ဘုရားလမ်း နံပါတ် ၃၉-၄၀-တိုက်ကြီး၏ အပေါ်ဆုံး ထပ်သို့၊ ဆက်ဆက် ကြွရောက်တော်မူကြပါမည့်အကြောင်းတောင်းပန်ပါသည်။

*မောင်ဘိုးတေ။
ဝွဲဝေး၊
ရန်ကုန်မြို့၊

* ၎င်းမောင်ဘိုးတေကား ထားဝယ်မြို့ မောင်ဘိုးတေကျော်၏ ယခုအခါ ဟံသာဝတီ ရန်ကုန်မြို့ကျောင်းသားလာနေပြီ၊ ဘုန်းသစ်ကိုယ်နှင့်အတူ မျှော်စောင်သူ့ရှေ့ဝနေ ပေးသော၊ ထားဝယ်သူကြီး မောင်ဘိုးတော ပေတည်း။

အိုဘယ့်ပည်မှ မျှားရွာ၊ ဘာရျားနာတို့၊ ၊အာခိုပါ အကြောင်း များရွာ တို့ဖြင်၊ အကြင် သို့သော ယူနီဘာစီတီ အက်ဥပဒေကို အတည် ပြုရချိန့်မည်သော၊ သဘောသဘာမတူနိုင်ဟု ဆိုပြီး၊ ထိုမည် သော ရန်ကုန်ကောလိပ်ကျောင်းသားများနှင့်၊ ဂျပ်ဆင်ကောလိပ် ကျောင်းသား တို့သည်၊ အနှီထိုသော မြန်မာ့ ဝေါဟာ၊ ဝေါစာ သက္ကရာဇ် ၁၂၈၂-ခု၊ တန်း ဆောင် မုန်း လဆုတ် ၁၁-ရက်၊ ခရစ် သက္ကရာဇ် ၁၉၂၀-ပြည့်၊ ဒီဇင်ဘာလ ၆-ရက် နေ့က စ၍၊ တညီတညွတ်တည်း၊ ကျောင်းမတက်ဘဲနေကြသောအကြောင်း နှင့်စပ်လျဉ်း၍၊ သတင်းစာအပေါင်းတို့ကလည်း၊ကောင်းချီးခုမေဘ်၊ သာရုခေါ် ကြသေ၏၊ ၊ထိုရာတွင်၊ကျုပ်တို့၏တပည့်ရင်းချာ၊ ဒကာရင်းစစ် ဖြစ်ပေသော၊ သူရိယသတင်းစာတိုက်၏ မင်းနိုတ် ဂျင်းဒါရိုက်တာ၊အယ်ဒီတာ *မောင်လှဘောကမူကား၊"ဂုင်း တန်း ဆောင်မုန်းလဆုတ် ၁၂-ရက်နေ့ထုတ်၊သူရိယအခေါင်ကြီးတွင်၊ ဤကဲ့သို့ ကျောင်း တွေ ဖြစ် ရ ခြင်း သည် ကား၊ အ ခြား သော အကြောင်းကြောင့်မဟုတ်၊ မြန်မာပြည်သူပြည်သား အားလုံးတို့ မနှစ်သက်တဲ့ ယူနီဘာစီတီကျောင်းမျိုးကို၊ မြန်မာပြည်အစိုးရ မင်းတို့က၊ အတင်းတည်ထောင် ဖွင့်လှစ်ပေးသည့် အတွက်ဟု၊ ဖြစ်တင်စကား ရေးသားသမင့်သေဘ်လည်း၊ အခွင့်အခါကိုကြည့် လျှင်၊ မိမိတို့ ရဉ္စာသော ပုဂ္ဂိုလ်စကူး ကျောင်း များ၊ ကောလိပ် ကျောင်းများမှာ၊ မကြာမီအတွင်း တည်ထောင်နိုင်ပေလိမ့်မည်၊ ထိုရာတွင်၊ နေ့ချင်းညချင်းမဖြစ်နိုင်၊ သို့မဖြစ်နိုင်သည့် အတွင်း၊ သည်းညည်း ခံ၍၊ နေရင်း ကျောင်းကာန တို့သို့၊ ပြန်တက် သင့် ကြောင်း"နှင့်ရေးသားသော၏တဲ့၊

ထိုခေတ်အခါမှာ၊ မစ္စတာမောင်မှိုင်းတည်းဟူသောကျုပ်တို့ သည်လည်း၊ ဘောဒါနိုမည်သော တပည့်မ မင့်ချောက် ချက်နှင့်၊

---

* မောင်လှဘောမှာ ယခုအခါ မြန်မာပြည်အစိုးရတို့၏ သတင်းစာဌာနတွင်၊ မြို့ကြီး နေ့စဉ်ကြီးအဖြစ်နှင့် ထမ်းရွက်လုပ်ကိုင်နေသူပင် ဖြစ်သည်။

ဖြည့်မြို့တဲ့ဘက်ကား၊ ဖိုးဦးတော်ဝပေါ်နဲ့၊ ပျော်ပျော်ကြီး ဘဝတင်းသုံး ထျက်ရှိရကား။ ကျောင်းသားတို့ အကြောင်းကို ကြားရ သဖြင့်၊ အားရဝမ်းမြောက်စွာနှင့်၊ အောက်ပါတေးထပ်ကို၊ ရေးစပ်တော် မူသတည်းဟူ၏။

* * * * *

သပိတ်မှောက်ကျောင်းသားများသို့ တေးထပ်။

ဗုဒ္ဓိတာ—စိတ် (အက်) ဤမြို့ပြည်မက်မှုန်းစင်သည့်အခက်
မတုံးခင်ထယ်မြို့ရွှင်ရွှင်ညည်တူ။ ။ကောသဲ့ဆိုတဲ့–၂ ထိပ်, ကျောင်း
အောင်သပိတ်တောင်မှောက်ကြသတဲ့။ ။ပရိုက်ဖက်,ဆာအနေ။
ဆေရာတွေသင်မဲ့။ စာပေမခြင်တဲ့ ခင်ပတောင်ကွဲ့ကော်ဘွယ်။ ။
"ကူးရွှင်း"ပေါ်ပိုက်စကူးဆီကမြိုက်ဆုံးလို့ကူးစက်ပွဲကျယ်။ ။
အတူးခက်ထုံဘွယ်ပေ။ ခန့်တယ်ထယ်"စိုးတိ"က၊ သည့်–၂ထိပ်
ဝင်ပင်စေ။ ခွန်မြိုသံတွေ။ ။လွှမ်းပေါ်ခုံခန့်လေသည့်။ မြန်မြေကွင်
ကျွဲပေါ် တေ။

ဤအထက်ပါ တေးထပ် ဆုံးသော အခါ၊ သောဓါရီ ဝေသော
ထပည့်မတ္တိကတောင်ပင်၊ ရွှင်ပျသော အမူအရာဖြင့်၊ များစွာမှ
သာရှပေါ် ကြလေ၏။

ယင်းသို့သောရန္တမောစနုသ၊ ခြွတသကောင်းမျိုးများပေးပြီးချွင်၊
ပခေင်လွှန်ခဲ့သောသပိတ်မှောက်ကျောင်းသား၊ ဆိုင်းကောသတား
တို့၏အစွာပြုတ်ကို၊ သရုပ်ဖော်ပေါ်စရာ၊ဆရာကတဖန်၊ ဆက်
ထက်၍ ဟောဖြန့်လို သဖြင့်၊ ။ဒီ-တပည့်မ အဆပါင်းတို့၊ ရင်း
သပိတ်မှောက်ရင်း၊ ကူးရှင်းခေါ်-ရေရှခရစ်ကျောင်းသားကလေး
များမှာ၊ သနားလဲ သနားစရာကောင်းတော်မူ၏၊ ။အကြောင်း
သော်တမူကား၊ တန်းဆောင်မုန်း လဆုတ် ၁၂-ရက်နေ့ထုတ်၊
သူရိယသတင်းစာမှာ၊ အောက်ပါအတိုင်းတွေ့ရဖြန့်ပေသည်။

## ဗုဒ္ဓဘာသာဘာသာစင်္ဂလိပ်စ်ကျောင်းတည်ထောင်ပေးတော်မူကြရန် အသနားခံခြင်းအကြောင်း။

ရန်ကုန်မြို့အလုံရပ်ရှိကုုးရှင်းပိုက်စကူးခေါ်အမေရိကံနှစ်ခြင်း ခရစ်ယာန် သာသနာပြုကျောင်းမှ ဗုဒ္ဓဘာသာဝင် ကျောင်းသားများက၊ ရှိသေလေးမြတ်စွာ နှိုးအသနားတော်မြတ် ခံပါသည်၊ အရပ်ရပ်ရှိဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူအပေါင်းသူတော်ကောင်း တို့ခင်ဗျား။

ကျွန်တော်တို့ ခရစ်ယာန်သာသနာပြုကျောင်းတွင်နေရသော၊ ဗုဒ္ဓဘာသာ ကျောင်းသား ကလေး တို့မှာ၊ ဘာသာရေး နှင့် ပတ်သက်၍မည်မျှလောက်စိတ်ဒုက္ခရောက်ကြရသည်ကိုအောက်ပါ အကြောင်းအရာများကို ထောက်ထား၍၊ သိရှိတော်မူကြပါလိမ့်မည်။

### စိတ်ဒုက္ခရောက်ရသောအကြောင်းများမှာ၊

(၁) အင်္ဂါနေ့ နှင့် ကြာသပတေး နေ့ များ တွင်၊ နံနက် ၁၁-နာရီ ၄၅-မိနစ်က ၁၂-နာရီ ၁၀-မိနစ် အထိ၊ ခရစ် ယာန် ဘုရားကို အမြဲရှိခိုးရခြင်း နှင့်၊ ခရစ်ယာန်တရားကို မနာသဲ မနေ ရခြင်း။

(၂) ကျောင်းအိပ်ကျောင်းစားများမှာ၊နံနက် ၁၁ နာရီခွဲ အချိန်က ၁၂-နာရီအချိန်ထိ၊ ခရစ်ယာန်တရားကို အမြဲနာရခြင်း နှင့်၊ ခရစ်ယာန်ဘုရားကိုအမြဲရှိခိုးဝတ်ပြုရခြင်း။

(၃) ပဌမတန်းက ကိုးတန်း ထိ၊ ကျောင်း သား များ မှာ၊ နံနက် ၁၁-နာရီခွဲအချိန်က၊ ၁၂-နာရီအချိန်ထိ၊ ခရစ်ယာန်ကျမ်း ဂါကို အမြဲ သင်ရခြင်း နှင့်၊ ၁၀-တန်း ကျောင်း သား များ မှာ၊ တနင်း လာ၊ ဗုဒ္ဓဟူး၊ သောကြာ နေ့တိုင်း၊ နေ့ ၁-နာရီ အချိန်က ၁-နာရီ ၄၅-မိနစ် အချိန် ထိ၊ ခရစ် ယာန် ကျမ်း ဂါ ကို အမြဲ သင်ရခြင်း။

(၄) အစိုးရကစစ်မေးသော ၇-တန်းနှင့် ၁၀-တန်းစာမေးပွဲများမှတပါး၊ကျောင်းကစစ်မေးသော အစမ်းစာမေးပွဲများနှင့်၊ အတန်းတင်စာမေးပွဲများတွင်၊ ခရစ်ယာန်ကျမ်းစာကို၊ ဘာသာတရပ်ပြုလုပ်၍ ဖြေဆိုရခြင်း။ ၎င်းကျမ်းစာကိုဖြေဆိုသည့် အမှတ်နှင့်၊ အစိုးရပြဋ္ဌာန်းသောသင်ခန်းစာများကိုဖြေဆိုသည့် အမှတ်များကိုပေါင်း၍တွက်ပြီးလျှင်၊ အမှတ်နည်း၍နောက်ဆုံးကျသော ကျောင်းသားများကိုစာမေးပွဲဝင်ခွင့်ပြုခြင်း။

(၅) ဗုဒ္ဓဘာသာအခါကြီးရက်ကြီးများအတွက်၊ကျောင်းမပိတ်သည့်အပြင်၊ ၎င်းနေ့များတွင်၊ခွင့်တိုင်၍လည်းမရ၊ အခြားနေ့များတွင်၊ ကျောင်းမတက်က၊ ဒဏ်ငွေ ၄ပဲ သာပေးဆောင်ရသော်လည်း၊ ၎င်းရက်ကြီးအခါကြီးတွင်၊ ကျောင်း မတက်က ဒဏ်ငွေ ၁ ကျပ်ပေးဆောင်ရခြင်း။

(၆) ဗုဒ္ဓဘာသာဝင်တို့ အလေး အမြတ် ဆည်းကပ် ကိုးကွယ်သော ဗုဒ္ဓမြတ်စွာ ဘုရားနှင့် တကွ၊ တရားတော်ကို ၎င်း၊ သံဃာတော်မြတ် များကို၎င်း၊ တရားဟောသောအခါ၊ များစွာထိခိုက်ပုတ်ခတ်၍ဟောပြောတတ်ခြင်း။

(၇) အစိုးရပြဋ္ဌာန်းသောစာများအပြင်၊ခရစ်ယာန်ကျမ်းစာကို၊ သင်ဆံလေ့ကျက်ရသဖြင့်လည်းအလွန်ဝန်လေးခြင်း။

၎င်းအထက်ပါ အကြောင်း များကို၊ ခရစ်ယာန် သာသနာပြု ကျောင်းများကပြုလုပ်ထားသဖြင့်၊ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်၊ ခရစ်ယာန် သာသနာပြု ကျောင်းသား တို့မှာ၊ အလွန်တရာမှ စိတ်မချမ်းသာခြင်းဖြစ်ရပါကြောင်း။၎င်းအထက်ပါအကြောင်းများ၏ အကျိုးအပြစ်ကိုဖြန့်ဖြူးနစ်ဦးစားတော်မူကြပါလျှင်၊အမျိုးဘာသာနှင့် ဘာဝပါ နစ်နာဆုံးရှုံးခံရမည့် အောက်ပါ အချက်ကြီး တို့ကို တွေ့ရှိ ထိမ့်မည် ဖြစ်ပါကြောင်း။ ။မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါကာလတွင်၊ မိဘများကဘုရားကိုဆည်းကပ်ကိုးကွယ်ပြီး၊ သားသမီးများကို၊ ဗုဒ္ဓဟောကသာသာ၊ မကွယ်ဝေါ်သောသာသနာရှိသောသူတို့ထံ၊ အပ်နှံထားသည်နှင့်တူနေပါပြီ၏ဥပမာ

နှင့်နိုင်းယှဉ်၍ဖြစ်ဆိုရန်၊ လွန်ဝမ်းမြောက်သော စကားမဟုတ်ဟု-ကျွန်တော်တို့ထင်မြင်ပုံပါကြောင်း။

(က) မိဘများတို့သည်၊ ဗုဒ္ဓဘာသာအခါကြီးနေ့ကြီးများတွင်၊ ရတနာသုံးပါးကိုသည်းကပ်ရန်၊ တရားတော်မြတ်ကိုနာယူကြရန်၊ အလှူဒါနပြုလုပ်ကြရန်။ ကျောင်းကန်ဘုရားများသို့ သွားရောက်ကြသောအခါ။ ကျွန်တော်တို့မှာ၊ ခရစ်ယာန် သာသနာပြုကျောင်းသားတို့၏ဝတ်တရားအတိုင်း၊ ခရစ်ယာန်ဘုရားကို ရှိခိုးနေရခြင်း၊ တရားကို နာခနေရခြင်းများမှာ၊ အလွန် နစ်နာခြင်း ဖြစ်ပါသည်။

(ခ) ကျွန်တော်တို့ကဲ့သို့၊ ဗုဒ္ဓဘာသာ စာပေ ဝရိယတ္တိ အခြေခံအစချည်းကင်းမဲ့သော သက်ရွယ်ငယ်နုသည့်ကလေးများကို၊ ခရစ်ယာန် တရားဟောဆရာတို့က၊ နည်းအမျိုးမျိုးတို့ဖြင့်၊ နေ့စဉ်ဖျည်းပတ် သွေးဆောင် သော ကြောင့်၊ အချို့တို့မှာ ခရစ်ယာန် ဖြစ်သွား၍၊ အချို့တို့မှာ ခရစ်ယာန်ဘာသာကသင် မှန်ကန်သည်ဟုစိတ်တွင်ဖြစ်ပေါ်လာကြပါသည်။ထို့ကြောင့် ဗုဒ္ဓဘာသာ တရားတော်အရေး ကြောင့် အပါယ်လေးသို့ရောက်မည် ဖြစ်သော ကြောင့်၊ လူ့ဘဝကောင်ဆုံးရှုံးနစ်မွန်းခြင်းဖြစ်ရပါလိမ့်မည်။

(ဂ) ဤကဲ့သို့သောအကြောင်းများကိုသိရှိကျက်နှင့်၊ ပေါ့ပေါ့ဆဆအောက်မေ့၍၊ အမှတ်တမဲ့ထားကြသောမိဘတို့မှာ၊ ခရစ်ယာန်သာသနာပြုဆရာတို့က၊ ဗုဒ္ဓဘာသာအယူမှရွေ့လျောအောင် ပြုလုပ် သည်ကို၊ သဘောတရား မရောက် သေးသည်း၊ တနည်းအားဖြင့်၊ သဘောတရား ရောက်နေပါသောကြောင့်၊ မိဘများပင် သံသရာဝန်လေးဘွယ်ရာအကြောင်းရှိမည်ကို စိုးရိမ်ဘွယ် ရှိပါကြောင်း။

(ဃ) ခရစ်ယာန် သာသနာပြု ကျောင်းများမှာ နေရ သည့်အတွက်၊ရတနာသုံးပါးကိုရှိခိုးနှင့်ဝပ်ချည်း၍၊အလုပ်သဖြင့်ရဟန်းသံဃာတော်များကိုပင်၊ စကားအပြောအဆိုမတတ်ဘဲရှိနေရပါသည်၊ ထို့ကြောင့်၊ ခရစ်ယာန် သာသနာပြု ကျောင်း များ တွင်၊

အင်္ဂလိပ်စာသင်ကြားရခြင်းသည်၊ မည်မျှလောက်အမျိုးဘာသာ သာသနာနှင့်တကွ၊ဘဝပါနစ်နာသုံးရှုံးကြသည်ကို၊ ထိုရှိတို့အချိန် ယခုရှုရောက်ပြီဟုကျွန်တော်တို့ထင်မှတ်ပါသည်၊

အစိုးရကထည့်ထောင်သောကျောင်းနှင့်၊မြူနီစီပါယ်ကထည့် ထောင်သော ကျောင်းမှာ၊ မည်သည့်ဘာသာကိုမှ လိုက်စား၍၊ ဘာသာဆိုင်ရာစာပေကို သင်ကြားရခြင်းမပြုပါ၊ အစိုးရပြဋ္ဌာန်း သောသင်ခန်းစာများကိုသာ သင်ယူလေ့ကျက်ရပါသည်၊

ကျွန်တော်တို့ ရန်ကုန် မြို့ကြီး တွင်၊ အစိုးရ ကျောင်း ဆို ၍၊ ရန်ကုန် ဟိုက်စကူးကျောင်း တကျောင်းသာ ရှိသဖြင့်၊ ကျောင်း နေမည့်သူက၊ အသေမတန်များနေသောကြောင့်၊ သက်မခံသဖြင့် မနေရပါ၊ အခြား ကျောင်း များ မှာသည်။ အားလုံး ခရစ်ယာန် သာသနာပြုကျောင်းများသာဖြစ်ကြပါသည်၊

သီဟိုဠ်ကျွန်းတွင်၊ ဗုဒ္ဓဘာသာလူမျိုးများမှာ၊ ၎င်းတို့ပိုင်၊ ဗုဒ္ဓ ဘာသာကောလိပ်ကျောင်းကြီးရှိပါသည်၊ အိန္ဒိယနိုင်ငံတွင် ဟိန္ဒူ ပသီမှစသော လူမျိုးတို့၌၊ ၎င်းတို့ပိုင်ကောလိပ်ကျောင်းကြီးများ ရှိကြပါသည်၊ ကျွန်တော်တို့ ရန်ကုန်မြို့တွင်၊ အခြားလူမျိုးတို့မှာ လည်း၊ဟိုက်စကူးကျောင်းများအသီးသီးရှိကြပါသည်၊

ကျွန် တော် တို့ မြန်မာ နိုင်ငံ တွင်၊ မန္တလေး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပြည်လေးစသည်မြို့များတွင်၊ ဗုဒ္ဓဘာသာ ဟိုက်စကူး ကျောင်းများ ရှိကြ ပါ သည်၊ အခြား မြို့ကလေး များမှာ လည်း၊ ၄-တန်းကျောင်းနှင့် ၇-တန်းကျောင်းများ ထည့်ထောင်ဖွင့်လှစ် ပြီး၊ ဖွင့်လှစ်ဆဲပင်ရှိနေကြပါပြီ၊

ကျွန်တော်တို့ ရန်ကုန်မြို့ ကြီးမှာ၊ ဗုဒ္ဓဘာသာ ကျောင်းဆို၍ တကျောင်းမှမရှိသေးသည့်အတွက်၊ ကျွန်တော်တို့ကျောင်းသား များမှာ၊ များစွာစိတ်ဒုက္ခဖြစ်နေကြရပါသည်၊

ထို့ကြောင့်၊ အမျိုးဘာသာသာသနာနှင့်တကွ၊ဘဝကြီးကောင်း ရာ ကောင်းကြောင်းကိုဖြစ်စေတတ်သည့်၊ ဗုဒ္ဓဘာသာအင်္ဂလိပ် စာသင်ကျောင်းကို၊ အမြန်ထည့်ထောင် ဖွင့်လှစ်ပေးတော်မူပါ

မည့်အကြောင်း။ ကျွန်တော်တို့ ခရစ်ယာန်ကျောင်းသားကလေး
များက။ ရှိသေလေးမြတ်စွာ၊ လက်ဆောင်ပြ ထိပ်ရှာမိုးပြီး၊ ရှိခိုး
အသနားခံတော်မြတ်ခံပါသည့်ခင်ဗျား။

ကူးရှင်းဟိုက်စကူး။

ဗုဒ္ဓဘာသာကျောင်းသားများ။

* * * * *

ဒိုမီ-တောခါရိုကိုအမှူးထားသည်၊ အများသောရဟန်းမဃ ပေါင်း
တို့၊ ရင်း နေ့ခက် တခါ၊ ရွှေတောင်မြို့က ရောက် လာ သော
ဆေကာဝတီးကူး၊ ကူးရှင်းဟိုက်စကူး၏၊ အရေးသတင်းကိုလည်း၊
အောက်ပါအတိုင်း၊ ဘာတ်ကျော်သောဟူ၏။

ကူးရှင်း ကျောင်း အရေး ကိစ္စ နှင့် ပတ်သက်၍
အစည်းအဝေး ပြုလုပ်ခြင်း
အကြောင်း။

ကူးရှင်း ဟိုက်စကူး ကျောင်းသားများ တညီတညွတ်တည်း
ကျောင်းမတက်ဘဲ နေသည့်ကိစ္စနှင့် စပ်လျဉ်း၍၊ ကျောင်းသား
ဘမိများ၊ အုပ်ထိန်းသူများနှင့် ဗုဒ္ဓဘာသာဝင် လူကြီးလူကောင်း
အပေါင်းတို့ သည်၊ ဆူးလေဘုရားလမ်း တိုက်နံပါတ် ၄၀-တွင်၊
ညည့် ၇-နာရီခွဲ အချိန်၌၊ စည်းဝေးကြကြောင်း။ ထိုအစည်းဝေး
တွင်၊ဝတ်လုံတော်ရဦးချစ်လှိုင်က၊ဦးစီးနာယကပြုလုပ်ကြောင်း။
ဦးတိုးတော၊အစည်းအဝေးခေါ်ဘိတ်သောဘိတ်စာကို ဖတ်ပြ
၍၊ မင်းတိုင်ပင်အမတ် ဦးဖေသော်က၊ အစည်းအဝေးက ခန့်ထား
သောကော်မီတီနှင့် ပညာဝန်ကြီးမစ္စတာ မတ်ဟန်နတား၊ ကူးရှင်း
ကျောင်းအုပ်ကြီးမစ္စတာဟက်တာစလေး၊ရင်းကျောင်းဆရာကြီး
ဆရာဘ၊ ဂျပ် ဆင် ကော လိပ် ကျောင်း အုပ် ကြီး ဒေါက်တာ
ဝင်းလရိုးတို့နှင့်တွေ့ဆုံ တိုင်ပင်ကြောင်းများကို၊ အကျယ်တဝင့်
ပြောဆိုလေသည်။

ရှင်းနောက်၊ ကျောင်းဆရာကြီးက၊ မည်သည့်အချက်များကို ပေးရန်သဘောတူသည်ဟု ဖြေဆိုသောစာကို ဘတ်ပြလေသည်၊ ရှင်းစာတွင်၊ ကျောင်းဥပဒေ အတိုင်း ကျောင်းမပိတ်မီ တရက် နှင့်ပိတ်ပြီးတရက်၊ အခွင့်မယူဘဲကျောင်းမတက်သောကျောင်း သားတို့ကို၊ တရက်အတွက်ဒဏ်ငွေငါးကျပ်မျှပေးဆောင်ရမည် ဖြစ်ကြောင်း၊

တညီ တညွတ် တည်း ကျောင်းသို့ မတက် ခြင်းကို ပမာ ဏ မပြုဘဲ၊သင့်တော်သောကျောင်းသားတို့ကို၊ စာမေးပွဲသွင်းမည် ဖြစ်ကြောင်း၊ ။မောင်စံရှိန်ကိုကျောင်းသို့ပြန်၍ လက်ခံမည်ဖြစ် ကြောင်း၊ ။ဗိုလ်ဘာသာသင်ဆရာကြီးရောက်ကြီးများတွင်၊ ယခုနှစ်တွင် ထပ်၍ မပိတ်နိုင် သော် လည်း၊ နောင်နှစ်ကို ပိတ်ရန် စီမံထား ကြောင်း၊ ။ကျောင်းတွင်ခရစ်ယာန်ကျမ်းစာများသင်ကြားသော အခါ၌၊ ဗုဒ္ဓဘာသာတရားနှင့်နှိုင်းယှဉ်၍၊ခြားနားခြင်းကိုမျှမပြော ကြောင်းများကိုဂရုတစ်ဆောင်ရွက်သွားသည်ဖြစ်ကြောင်း၊ ။ ဤကဲ့သို့သော အချက်များသည်၊ အလွန် သင့်လျော် ကြောင်း၊ သို့ရာတွင်၊ အစည်းအဝေးက ဆုံးဖြတ်ရန်သင့်ကြောင်း ပြောဆို လေသည်၊

ကြည့်မြင်တိုင် ဦးဘိုးဟန်က၊ ဤကျောင်းဆရာကြီးပြောချက် များကို လက်ခံသင့်ကြောင်း အဆိုသွင်းရာ၊ ကိတ်ဗီထမ်းဦးဘနှင့် မြန်မာသိန်းမရှားအသင်းဗဒေါ်ရတို့က ထောက်ခံကြကြောင်း၊ ။ ဦးဘိုးဘေက၊ ကန့် ကွက် ချက် သွင်း ၍၊ ဦးသာခံ၊ ဦးလူကြီး၊ ဦးဆဝရုဿတို့ကထောက်ခံကြရာ၊ ဥက္ကဋ္ဌဦးချစ်လှိုင်က၊ ဤကဲ့သို့ ကျောင်းဆရာကြီးက ပေးသော အချက်တို့မှာ၊ အလွန်သင့်လျော် ကြောင်း၊ ကျောင်းသားထပည့်တို့မှာ၊ နောက်ကိုသုံးလလောက် နှင့်ပင်၊ တနှစ်လုံး ပညာသင်ကြားခြင်းပျက်စီးရာသို့ ရောက်မည် ဖြစ်ကြောင်း၊ မိဘတို့မှာလည်းနစ်နာမည်ဖြစ်ကြောင်း၊ ဒဏ်ငွေ ကို မပေးမဆောင်နိုင်၍၊ ကျောင်းသို့ ကျောင်းသားများကိုပြန်၍

မပို့နိုင်သောမိဘများရှိကရင်းမိဘအတွက်ကို၊ မိမိကိုယ်တိုင်က အထောက်ငွေများကိုပေးဆောင်မည်ဖြစ်ကြောင်းပြောဆိုလေသည်၊

ထိုနောက်၊ ရွှေနေကြီးဦးမောင်မောင်က၊ ဤကဲ့သို့ ပြောဆိုချက်ကို သဘောမတူနိုင်ကြောင်း၊ ဝံသာနုရက္ခိတကျောင်းကြီး ဖွင့်လှစ်ရန် အကြောင်းတို့ကို ပြောဆိုလေသည်၊ ။မန္တလေး ဦးစိန်ဘကလည်း၊ ကျောင်းဆရာကြီး ပေးသော အချက်တို့ကို ထောက်ခံသင့်ကြောင်း ပြော၍၊ ဦးမောင်မောင်ကငွေ ၁၀၀၀၀ိ မျှ ပေးလျှင်၊ ဝံသာနုရက္ခိတကျောင်းဖွင့်ရန် သင့်ကြောင်း ပြောဆိုသောအခါ၊ ဦးစိန်ဘက၊ ထို အတွက်ငွေ ၁၀၀၀ိ ပေးသော နေ့တွင်၊ ဦးမောင်မောင်ကငွေထသောင်းပေးမည်ဟုဝန်ခံကြောင်း။ ဦးစိန်ဘကလည်း၊ ဦးမောင်မောင်ငွေ ၁၀၀၀၀ိ-ပေးလျှင်၊ မိမိ ကငွေ ၁၀၀၀ိ-ပေးမည်ဟုဝန်ခံကြောင်း။

ဦးသာဇံက၊ ယခုအခါ ကျောင်း သား များ ဝံသာနု ရက္ခိတ ကျောင်း များ မဆောက် မလုပ်မီ၊ ပညာ သင် လို လျှင်၊ မိမိက သုန်းတော်ကြီးများ၏ ဆွမ်းကျန်ကိုစားလျက်၊ အင်္ဂလိပ်ပညာကို သင်ပေးမည့်အကြောင်းဝန်ခံလိုက်ကြောင်း။

ရင်းနောက်၊ မိတ် ဆွေ တဦးက၊ ဝံသာနု ရက္ခိတ ကျောင်း အတွက်၊ ကုလားလူမျိုးတို့ထံမှ ငွေခံပေးမည့်အကြောင်း ဝန်ခံလေသည်၊

ထိုနောက်၊ ဖြန့်ခြွာနိုးချက်ကို တင်သွင်းရာ၊ အစည်းအဝေးက ကျောင်းအုပ်ကြီးက ခင်တော်မှူးပြစ်ချက်မည်ဆိုသောအချက်ကိုထောက်မခံနိုင်ကြောင်း၊ အများသဘောတူဆုံးဖြတ်လေသည်၊

သာယာဝတီ ဦးရက၊ စကားအနည်းငယ် ပြောဆိုပြီးလျှင်၊ ကျောင်းဆောက်လုပ်ရန်အတွက်ငွေ ၁၀ိ-ထည့်မည်ဟုပြောဆို ဝန်ခံလေသည်၊

ဘားမားအောဇာဗာသား ကိုဖွေးက၊ ကျောင်းထည်ရန် ကော်မတီ မဖွဲ့မချည်းမီ၊ ကျောင်းအတွက် ငွေကောင်းခံသူတို့ထံသို့ ငွေ မပေးရန် အကြောင်း ပြော ဆို၍၊ ချယ်ယာမင် ဦးချစ်မြိုင်၊

ဦးဘွဲ့ဘောနှင့် ဦးဘိုးတေတို့ကို ချီးမွမ်း ကြွေသပေး၍၊ ၁၀-နာရီ အချိန်လောက်တွင်၊ စည်းဝေးပွဲယုတ်သိမ်းလိုက်သည်။

ထိုသို့လျှင်၊ အကြင်ရွှေတောင်မြို့သားဒကာတဦးက၊ အရေး တသယ်၊ ကြည့်ရှုးစဘွယ်၊ ဘယ်ဝယ်ဘယ်သို့၊ အနှီကြောင့်အရှာ လို၊ ထိုထိုသို့သော အသင်းအပင်းတို့က ထည်း၊ ပိုင်းဝင်းကူညီ ကြတဲ့အတွက်၊ အထက်အဆိုပါ-ကျူးရှင်း ကျောင်းသား တို့၏ အရေးပုံမှာ၊ အကုန် ချောမော တော့ မည့် အကြောင်း များကို၊ ကြားနာပြီးနောက်၊ ကိုင်း-သေဒါနီတို့ဒကာကြီးတို့၊ ဆရာထည်း ပြည်မြို့ထက်သို့ကူးပြီး၊ ဆံတော်ရှင်ဘုရားကိုဖူးခြင်း၊ အင်ကြင်း ခြောင်ကိုသွားခြင်း၊ နိမ္မိခ္ဓကျွန်းကို သွားခြင်းစသောအမှုများကို၊ မြွတ်ဘွယ်ရာ ရှိသေးသည်၊ နေ့ရစ်ခဲ့ကြပေဦးတော့ဟုဆိုပြီး၊ ထိုမှ ထပန်း၊ ထခဲ့ပြန်လေ၏။

———o———

## ရွှေတောင်မြို့၊ သင်္ခိန်းကြီး တောရ ကွင်း၊ တောင်က ဘိုင်းကောက်ကို ပေါ်ခြင်း။

ကျုပ်တို့သည်၊ ဤမည်သောသရေခေတ္တရာမြို့၊ ပြည်ဆံတော် ဘုရားကို ဖူးမျှော်ကန်တော့ပြီးနောက်၊ အင်ကြင်းခြောင်တောရ နှင့် နိမ္မိခ္ဓကျွန်း၌၊ ၂-ရက်မျှသီတင်းသုံးပြီးသောအခါ၊ ရွှေတောင်မြို့ အပိုင်၊ တောခရိုင် ဖြစ်သော၊ ရွှေနတ်တောင်အနီး၊ သင်္ခိန်းကြီး တောင်၌၊ ဖိုဝင်လုံ လှုပ်စရာ၊ လွန်စွာ ကောင်းသော မြေနီတမျိုးရှိ သည်ဟု သတင်းကြားရပြန်သည့်အတွက်၊ အဆိုပါသင်္ခိန်းကြီး တောသီသို့၊ ယောဂီတပါးတည်းသာခဲ့ရာ၊ ထိုနေ့ညနေခင်းအချိန် တွင်၊ အကြင်သို့သောသင်္ခိန်းကြီးတောရသို့ဆိုက်ရောက်တော်မူ လေ၏။

ထိုဆိုက်ရောက်တော်မူရာ၊ အနီး အပါး ရွာများက၊ ဥပုသ် ရက်ရှည်စောင့်နေကြသော၊ ဒကာဒကာမများကိုလဲတွေ့ရသဖြင့်၊ ထိုနေ့ညခင်းဝယ်၊ ဟောရင်းထက်စ၊ အရင်က ထိုင်းကောက် တရားကိုပင်ဆက်ထက်၍ဟောဖြန့်သည့်မှာ၊ ။ဒို-ဥပါသကာ၊ ဥပါသိကာအပေါင်း။ သူတော်ကောင်းတို့၊ ။ရှင်းဘိုင်းကောက် ထား၊ ကျောင်းသားတို့ ကိစ္စနှင့် စပ်လျဉ်း၍၊ သူရိယ သတင်းစာ၊ ဆရာလေး နတ်မင်းကြီး သည်၊ ဤ မည်သော တန်းဆောင် မုန်း လဆုတ် ၁၃-ရက်နေ့တွင်ပြောဆိုသည့်မှာ၊ ။"အမှ်-ကူးရှင်း ပိုက်စကူး ကျောင်းသားကလေးများအတွက်မှာတော့၊ ရန်ကုန် က လူကြီးများက စဉ်းစားပြီးပြီ ဆိုတာသဲ၊ ထိုသေဝ်လဲ-အသေ အချာရယ်လို့မရှိသေးဘူး။ ကြားထဲက-ကလေးများမှာ "မျောက် သစ်ကိုင်းလွှတ်" ဆိုသလိုဖြစ်နေမှာစိုးရိမ်လို့ရှိနေတယ်လို့" ပြော တော့၊ မှော်ဘီနတ်ကြီးက၊ "ယခုပြောကြဆိုကြတဲ့ဝံသာနုရက္ခိတ ကျောင်းကြီးမျိုးတွေဖြစ်လို့အကြောင်းမှာ၊ ခေါင်းဆောင်ကောင်း ကောင်းကြီးလိုတယ်၊ ခေါင်းစွံခေါင်းညာတွေနဲ့တော့၊ နေရာမကျ ဘူးလို" စဉ်းကာသဲ ဆိုပါပေတယ်၊

ထိုထိုဆိုထင့်ကစားနတ်ကြီးများ၏တန်းဆောင်မုန်းလဆုတ် ၁၄-ရက်နေ့ထုတ် သူရိယသတင်း၌၊ "ကူးရှင်းပိုက်စကူးကို မဆိုထားဘိပြီး။ ကောလိပ် ၂-လိပ်ကတောင်၊ မြို့ နေရာကျကုန် ကြောင်း" နှင့်၊ အောက်ပါအ တိုင်း တွေ့ မြင် ဘတ် ရှု ရ ဖြန့် ပေ သည်။

ကောလိပ်သိပ္ပံကျောင်းသားများကမိဘများသို့ အစီရင်ခံစာ။

ရန်ကုန်မြို့ကောလိပ်သိပ္ပံကျောင်းကြီးများတွင် ပညာသင်လျက် ရှိပါသော ကျောင်းသား အပေါင်း တို့ က၊ မိဘများသို့ ရိုသေစွာ အစီရင်ခံပါသည်။

အကြောင်းမှာ၊ ၁၉၂၀-ပြည့်နှစ်၊ ဒီဇင်ဘာလ ၁-ရက်။ တန်းဆောင်မုန်း လဆုတ် ၆-ရက်က အစပြု၍၊ ယူနီဗာစီတီ အက်ဥပဒေကို၊ ကျွန်တော်တို့ ကျောင်းသားများအပေါ်တွင်၊ အတည်ပြုသွားနှင့်ရာ။ ရန်ကုန် ကောလိပ် ကျောင်းနှင့် ယုဒသန် ကောလိပ်ကျောင်းသားများက၊ ၎င်းဥပဒေကိုမလိုလားမနှစ်မြို့က်၊ မကြိုက်ချင်း၊သဘောညီညွတ်ကြသောကြောင့်၊ ဒီဇင်ဘာလ ၅-ရက်နေ့မှစ၍။ ကျောင်းမှထွက်ခွါသွားပြီးလျှင်၊ ရွှေတိဂုံဘုရားအရှေ့ဘက်အဆင်း၊ ကြားတောရ-ဦးအရိယ ကျောင်းတိုက်သို့ ရွှေ့ပြောင်းနေထိုင်ကြပါကြောင်း။

ယခု ကျွန်တော်တို့ နေထိုင်သည့် နေရာ ဌာနသည်၊ လွန်စွာကျယ်ဝန်း ဖြန့်ဖြူးသည့်ပြင်၊ ဇရပ်များလည်း လိုသည်မရှိ၊ ပရိဘောဂ အရုံအထင်နှင့် ရှိပါသည်၊ ညည့်အချိန်၌ ခေတ်မီးများကို၊ ဖွင့်လိုက်သောအခါ။ထွန်းလင်းသောအရောင်၊ ရွှင်ပျသောမျက်နှာများနှင့်၊ အလွန်ကြည်နူးအားရဘွယ်ကောင်းပါကြောင်း။စားရေးသောက်ရေးကိစ္စ၌၊ ထမင်းချက်သမားများ ငှါး၍၊ လက်ဘက်ရည်နှင့်တကွ။ ထမင်းကောင်းမွန်စွာ။အချိန်မှန်မှန်စားသောက်နိုင်ရန်၊ အသင့်စီမံပြီးဖြစ်ပါသောကြောင့်၊ ပိုးရိမ်စရာအလျှင်းမရှိပါကြောင်း။ ကျောင်းသားများအားလုံးကျန်းမာရေးအတွက်ဆေးများအဆင်သင့်ရှိသည့်ပြင်၊ ဆရာဝန်များလည်းကူညီရန်အဆင်သင့်ရှိပါသည်၊ ကျောင်းသားများသည်၊ ဆိုင်ရာအထက်လူကြီးများထံမှ အခွင့်ပန်ပြီးလျှင်၊ ဝင်ရထွက်ရပါသည်၊ သွားလိုတိုင်းထယ်လိုတိုင်း။စည်းမဲ့၊ကမ်းမဲ့၊ မသွားရမထယ်ရပါကြောင်း။

ဤကဲ့သို့၊ ကျွန်တော်တို့၊ ကျောင်းမှထွက်ရခြင်းကိစ္စသည်၊ ကျွန်တော်တို့အတွက်မဟုတ်၊နောင်လာနောက်သားတို့၏အကျိုးကို မြော်ကိုး၍ လုပ်ရခြင်းဖြစ်ပါသောကြောင့်၊ ကျေးဇူးရှင်မိဘအပေါင်းတို့က၊ အပြစ်တင် ကင်းပါ မည့် အကြောင်း၊ ရိုသေစွာတောင်းပန်ပါသည်ခင်ဗျား။

ထို့ပြင်၊ အခုပ်ရုပ်အလှူငွေနှင့်တကွ၊ စေးဘွယ်သောက်ဘွယ် ဝတ္ထုအစရှိတို့ကို၊ ထောက်ပံ့လှူဒါန်းကြသော အလှူ့ဒကာ အလှူ့ အမအပေါင်းတို့အား၊ ဆိုင်ရာလူကြီးက ထင်ရှတ်နှင့်သက်ခံစာ ပေးပို့မည်ဖြစ်ပါကြောင်း။

ဤဘုရားထီးမှ ငွေသေရှုံး၊ စာသေတ်ခင်း၊ ပေးပို့လိုပါလျှင်၊ အောက်ပါလိပ်စာအတိုင်းပေးပို့တော်မူကြပါမည့်အကြောင်း၊ ထပ် လောင်း၍တောင်းပန်ပါသည်ခင်ဗျား” ဟူ၍ရှင်း။

* မောင်မြင့်၊
ငွေထိန်းလူကြီး၊

ထိုလိပ်စာမှာလည်း။ ရန်ကုန်မြို့၊ ကြားတောရ၊ ဦးအရိယကျောင်း တိုက်၊ ငွေထိန်းလူကြီး မောင်မြင့်က ကျေးဇူးပြု၍ပေးရန် ဖြစ်ပါသည်ဟူ၍ လည်းကောင်း။

ကောလိပ်ကျောင်းကို၊ သပိတ်မှောက်ခြင်းကိစ္စ။

“ယခုမှာ၊ ကောလိပ်ပြိုင်ပွဲကျောင်းသားတို့မှစ၍ကျောင်းသား တို့သည်၊ ထိုပွဲကျောင်းကို၊ သဘောမကျ၍။ သပိတ် မှောက်ကြ သည်၊ ဤအရေး တွင်၊ မြန်မာပြည်ရှိ လူကြီး အပေါင်း တို့က၊ လျစ်လျူရှု၍မနေအပ်ပေ၊ ကြည့်ရှု စောင့်မကြရ ပေတော့မည်၊ အကြောင်း၍ မနှစ်သက်သူလူကြီးများရှိလျှင်သည်း၊ အမှုမှာဖြစ်ပြီး ဖြစ်၍ယပ်မထားအပ်၊ တတ်နိုင်သမျှကောင်းရာသို့ရောက်အောင် ကြည့်ရှုကြရာသည်၊ စင်စစ်သော်ကား၊ မိမိတို့၏သားမြေး၊ တူ စသည်များပင်ဖြစ်သည်၊ “အရေးကြီးကသွေးနီးရာ” ဆိုသကဲ့သို့၊ မိမိတို့၏ ကလေး များ ကို၊ တတ်နိုင် သမျှ ကြည့် ရှုရန် အချိန် ရောက်ပြီ။

* မောင်မြင့်ဆိုသည်ကား အကြွားမောင်မြင့်မဟုတ် ကျွန်ုပ်တို့၏ ဘို့င်းကောက်ဒိကာ ကြီးကို ခိုတ်မှီ၍သော အမျိုးသားပုံနှိပ်တိုက်မှ မောင်မြင့်ပင်တည်း။

စောင်မရန်နည်းကား၊ ယခုအမှုမှာ၊ မည်သို့ဖြစ်မည်မသိ ရသေး၊ တောင်းသည့်ကိုရကာ၊ ကျောင်းသို့ပြန်ရန်ပင်ရှိသည်၊ ဤ နေရာ၌လည်း၊ လူကြီးတို့ အရေးပါဝင်သည်၊ အကယ်၍မရက လည်း၊ ကျောင်းမှထွက်ကြဖို့သာရှိတော့သည်။ သို့ကျောင်းက ထွက်ကြရှင်လည်း၊ မြန်မာတို့တည်ထောင်သော ဟိုက်စကူး၊ ကောလိပ်ကျောင်းများလိုအပ်တော့သည်၊ ဤအရေးကား၊သာ၍ အရေးကြီး၏၊ အမှုအောင်သည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေ၊ မြန်မာတို့တည်ထောင်သောကျောင်း၊ကောလိပ်တို့ဝင်စင်လိုအပ် ကြောင်းယခုထင်ရှားပြီ၊

လူကြီးမင်းတို့ စဉ်းစားအပ် သည်ကား၊ အိန္ဒိယ နိုင်ငံတွင်၊ ကျောင်းသားများထွက်အောင်၊ ခေါင်းဆောင်လူကြီးတို့ငွေကုန် လူပန်းခံ၍ဟောသည့်တိုင်အောင်၊ အနည်းငယ်သာရသေးသည်၊ ယခုမြန်မာပြည်၌ကား၊ လူကြီးများကတားမြစ်ပင်မရချေ၊ လူငယ် တွေကစည်းလုံးညီညွတ်၍၊တပြိုင်တည်းထွက်ကြပြီ၊ ဤအချက် မျိုး၊ နောင်ဘယ်အခါမှာရဦးမည်လဲ၊

သို့ကြောင့်ရကား၊ တတ်နိုင်သလောက် စောင်မ ကြည့်ရှု၍၊ ကျောင်း အမျိုးမျိုး တည် ထောင် ပေးကြ ပါ မည့် အကြောင်း၊ ကျောင်းသားတို့ကိုယ်စား၊ မိုးသေတွာညွှတ်သွား၍၊ ရှိခိုးအသနား တော်ခြွတ်ခံပါသည်၊ မြန်မာပြည်ရှိလူကြီးလူကောင်းအပေါင်းတို့ ခင်ဗျား" ဟု၍ရင်းတွေ့ရှိရပေသည်၊

*"ကျွား"၊

ဗိုလ်-ဒွန်နတ်တောင်တာဝမ်းနှင့်၊ သိမ်းကြီးတောရန္တဲတောကရ ထွက်မြောက်ရာ ထွက်မြောက်တို့ အလုပ်နှင့်၊ ဉပုည့် ရက်ရှည်၊ ဆောက်တည်နေသူအပေါင်းတို့၊ ရှင်းနှောင်း၊တန်းဆောင်မှန်း

* ၎င်း"ကျွား"ဆိုသည်ကား၊ အမြွက်သော"ကျွား"မဟုတ်၊ ယခုအခါအမျိုးသား ကျောင်းများမှန့်ဆိုင်သော ပညာဝန်"မောင်ဘိုကျွား"ပေတည်။

ထကွယ်နေ့က၊ သူရိယ-ရေးသေ နတ်ကြီးက၊ ထပ်ပြီး ပြောပြန် သည်မှာသည်။

"ကျောင်းသားများ၊တညီတညွတ်ထဲ၊ ၃-နှစ် ၄-နှစ်ကျောင်း မသွားဘဲနေနိုင်ရင်၊ ဖြစ်စရာရှိတဲ့အချက်ဘဲ၊ ဟုတ်ပြီ၊ သည်လို ဆိုတော့၊ရယူနီဘာစီတီ ပျက်ကရောဆိုပါတော့၊ ယူနီဘာစီတီ နစ်နာတို့ဟာတွေကိုကြည့်ရင်၊ ထကာထိုဖြစ်က၊တာအဆုံးတဲ ဆိုပါ တော့ လေ၊ ကိုင်း-သည့် ဖြင့် ထထက်က ရေ့ ကြည့် ပြီး၊ ကျောင်းသားများ နစ်နာမဲ့အချက်တွေကို ရှာကြံခုံးမိုရ၊ သည်ရ ကျောင်းတွေကိုမသွားဘဲနေပြီး၊ ကိုယ့်ဘာသာကိုယ့်အမျိုးသား ကျောင်းတည်ထောင်ပြီး၊ ကိုယ်သင်ချင်ရာစာကိုသင်ကြပြီဆိုပါ တော့၊ သင်ရှိလဲ ထတ်ကြပြီဆိုပါတော့၊ အစိုးရကအာသီအမှုတ် မလုပ်ဘဲနေလို့၊ အစိုးရနဲ့ဆိုင်တဲ့အလုပ်များမှာ ဝင်မလုပ်နိုင်တဲ့ အတွက်၊တခြားထက်ကအလုပ်တွေကိုလုပ်ရလိမ့်မည်၊ ဆဲ-တာ က၊ အသက်သာဆုံး နစ်နာတာဖြစ်တယ်၊ အဆိုးဆုံး နစ်နာတာ ပြောရရင်၊ကိုယ့်အမျိုးသားကျောင်းကိုကိုယ်မရဘဲ၊ စာကိုမသင် နိုင်ကြဘဲနေမှာဖြစ်သရ" ရယ်လို့ပြောပေတယ်၊

ဒိုဓကာဓကာမအခေါင်း၊ သူတော်ကောင်းတို့၊ ၊ရင်းအဆို ပါ၊ အာစာနည် ကျောင်းသားကြီးတွေနဲ့၊ ခေါင်းပါးတည်းဟူ သော သာတင်းများနှင့်ရေးသေနတ်ကြီးရဲ့စကားကိုကြားနာတော် မူပြီးနောက်၊ နတ်တော်လဆန်း ၁- ရက်နေ့ထုတ်ဝေသည့်၊ ဤ မည်ခသာသူရိယသာတင်းစာ၊ခေါင်းကြီးမှာတွေ့မြင်ရပြန်သည်မှာ လည်းအောက်ပါအတိုင်းပင်ဟူလို၊

"ရန်ကုန်ယူနီဘာစီတီ ကျောင်းကြီးကို၊ သပိတ်မှောက်ခြင်း အကြောင်းနှင့် ဝင်ရောင်း၍၊ ယခု ဒီဇင်ဘာလ ၇-ရက်နေ့ ထုတ်၊ "ရန်ကုန်တိုင်း" ခေါ် အင်္ဂလိပ် သာတင်းစာ ခေါင်းကြီးပိုင်းတွင်၊ ထုတ်တော် ရေးသားသည်မှာ၊ ၊မြန်မာပြည်သူ ပြည်သားတို့ သည်၊ တညီတညွတ်တည်းနေရာကျ ဝိုးစားဆင်ခြင်ပြီး သကာ လ၊ ရန်ကုန် ယူနီဘာစီတီ အက်ဥပဒေကို၊ ကန့်ကွက် ကြသော

လည်း၊ ပြည်သူပြည်သားတို့တောင်းဆိုသည့်အချက်များအနက်၊ တချက်ကိုမျှ ခွင့်မပြုဘဲ၊ အဆိုပါယူနီဘာစီတီ အက်ဥပဒေကို၊ အစိုးရမင်းတို့အတည်ပြုလိုက်ကြသည်ဟု-ဂုတ်ဘော် ရေးသားသည် ဖြစ်ကြောင်း၊ ယင်းသို့ "မှန်မဲ့ဘုရား" အင်္ဂလိပ်သတင်းစာ တစောင်ကခေါင်းကြီးပိုင်းတွင် ရေးသားဘော်ပြလိုက်သည်ကို၊ မြန်မာပြည် အစိုးရ မင်း တို့သည်၊ သဘော မတူ သည် ဖြစ်၍၊ အစိုးရတို့ သတင်းစာဌာန ဆိုင်ရာ ဝန်ထံမှ၊ ကျွန်ုပ်တို့ထံပေးပို့ လိုက်သောစာတွင်၊ အဆိုပါ"ရန်ကုန်တိုင်း" သတင်းစာ ခေါင်းကြီးပိုင်း၌ပါရှိသော စကားရပ်သည်၊ မှန်သည့် အကြောင်းကို၊ အကျယ်တဝင့်ချဲ့ဆိုရေးသားလေသည်၊ ဤသို့ရေးသားရာ၌ အဆိုပါ ယူနီဘာစီတီအက်ဥပဒေကို၊ သဘော မတူ မနှစ်သက်သော မြန်မာမင်းတိုင်ပင် မှူးမတ်တို့မှာ၊ အားလုံး ညီညီညာညာ ကန့်ကွက်ကြသည်မဟုတ်ကြောင်းဟူ၍ရင်း၊ မင်းတိုင်ပင် အဖွဲ့အစည်း၌ဖြင့်ပေးသူများအနက်တွင်လည်း၊ အဆိုပါယူနီဘာစီတီ အက်ဥပဒေကို၊ ကန့်ကွက်သော သူတို့မှာ၊ ဗိုလ်-အယ်-ဘီ-အေ-အသင်းသားများနှင့်၊ "ဒိုးပေါင်းဝေ" အသင်းသား များသာလျှင် ဖြစ်သည်ဟူ၍ရင်း၊ အစိုးရ မင်းတို့၏ သတင်းစာဌာန ဝန်သည်၊ မိမိ ဥာဏ်ရှိ သရွေ့ ချဲ့တွင် ရေး သား ဘော်ပြ လေ သည် ဖြစ်ကြောင်း၊

အစိုးရတို့၏သတင်းစာဌာနဆိုင်ရာဝန်က၊ မိမိဥာဏ်ရှိသရွေ့ ချဲ့တွင်၍၊ မည်သို့ပင် ရေးသား ဘော်လည်း၊ အဆိုပါ ရန်ကုန် ယူနီဘာစီတီ အက်ဥပဒေကို၊ အများပြည်သူတို့ သဘောအတိုင်း မဟုတ်သည့်ဖြင့်ရင်းတို့တညီတညွတ်တည်းကန့်ကွက်ကြချက် နှင့်၊ အစိုးရမင်းတို့ အတင်းအတည်ပြုသည်မှာ၊ ယုံမှားဖွယ်ရာ မရှိချေ"ဟူ၍လည်းကောင်း၊

ဤမှတကြောင်း၊ ရင်းသတင်းပတ်၌၊ သွင်းသွတ် ပါရှိသည့် ကြွက်ရပ်ပိုင်း ကဏ္ဍက လည်း၊ ကြွက်ရပ်ကြီး ကို၊ ချူတူမ က

ပြောသည်စကားဟူ၍၊ အောက်နားမှာပါသည့်အတိုင်း၊ ကာဗိုဏ်း ဝန်းအကွက်ပေါ်သလို၊ ထွက်ပေါ်လာလေ၏တည်း။

ငါ့သကော့ ဆိုတာ ဘာလဲ။

"ယာခုဘလေသ၊ ကျောင်းသားတွေ သပိတ်မှောက်ခြင်းကိစ္စ၊ အဝဝ ပြုကြ ဖို့၊ ကျွန် တော် တူတော် မောင် ကျောင်း သား ၂-ယောက်လဲ၊ ဒီသပိတ်မှောက်တဲ့အသင်းထဲ ပါများသွားလေသလားဖို့ထိတ်ဖိုဂျာသဖြင့်၊ ရင်းတူတော်မောင် ၂-ယောက်နေတဲ့ဆိပ်ကို သောကြာနေ့ကရောက်သွားသဖြင့်မေးမြန်းရာ၊ တူတော်မောင်များရဲ့မှသည်ကား၊ သူ့မောင် ၂-ယောက်စလုံး၊ ဗဟန်းမှာရောက်နေပါဖို့ပြောပါကြောင်း၊ တခါကျွန်ုပ်တင်ကာထပ်ပြီး၊ ဟုံ-နင်တို့ ညီမ ၂-ယောက်ကော၊ ဘာဖြစ်လို့ကျောင်းမသွားကြဖြန့်သလဲလို့မေးမြန်းရာ၊ ကျွန်မတော့-ဘယ်နေမကောင်းလို့ကျောင်းမသွားဘူး၊ ကျွန်မအစ်မတော့-သူ့အဘော်မိန်းမတွေနဲ့ယင်ဘိလသွားထိသရှင် ဓရိပ်တွေကိုထွက်ပြီး၊ ဥပုသ်ချက်ရှည် စောင့်ကြမလို့ဘဲ၊ ဆဲ-ဒီလိုဥပုသ်ချက်ရှည်စောင့်နေတဲ့အတောအတွင်းမှာ၊ နိုင်ငံခြားဖြစ်ပစ္စည်းများကို ရှောင်ကြဉ် နိုင်သမျှ ရှောင်ကြဉ်ပြီး၊ ဥပုသ်ချက်ရှည်စောင့်သုံးမယ်လို့တညီတညွတ်တည်းစိတ်ဖြောင်းသွားကြတာပါဘဲ၊ ဆဲဒါလဲ "ဘရိုင်ကော့" ကို အားကျလို့၊ မိန်းကလေးတွေက "ဂုသကော့" လုပ်ကြဖြန့်မီထင်ပါရဲ့လို့၊ ကျွန်တော့တူမအကြီးက ဖြန့်ပြောလိုသည်ကို ကြားခဲ့ရပါကြောင်း" ဟူ၍လည်းကောင်း။

အကြောင်းကြောင်းအဝဝတွေကိုတွေ့ရပြီး ရသော့မတော့ခါမိတို့အတွက် စိတ်မချသဖြင့်၊ တရားဟောခြင်းကိစ္စ တန်းထန်းနှင့်ပင်၊ အကြပ်သို့သော်ရိုးဦးတောင်စခန်းသို့ ဖြန့်မြန်းဖြန့်လည်ဘော်မူခဲ့လေသည်။

* * * * *

ကျွန်ုပ်တို့သည်၊ ဤမည်သောရွှေနတ်တောင်တရှမ်းနှင့်၊ သိမ်းကြီးတောသေနို့မှ၊ ထိုမည်သော ရုံလုပ်စရာ၊ ကောင်းမှုစွာသော မြေကို ယူခဲ့ပြီး ကာလ၊ ဝိပါကပစ္စတ မည်သော ဖိုးဦးတောင်သို့ မြန်ထည်ဆိုက်ရောက်ပြီးသော်၊ နတ်တော်လဆန်း ၆-ရက်နေ့၌ နှင့် ရောက်ဝေသည့် သူရိယသတင်းစာ ခေါင်းကြီး၌၊ အကြောင်း အနည်းနည်းတို့ဖြင့်ဖြသ၍၊ ကောလိပ်ကျောင်းသားများ ကျောင်း မြန်ထက်သင့်ကြောင်းများနှင့်၊ ရေးသားပါရှိသည်ကို တွေ့မြင်ရသည့်ပြင်၊ အင်္ဂလန်ပြည် ပါလီမန်လွှတ်တော်တွင် ထင်ရှားကျော်စေသည့် အလုပ်သမားအပေါင်းတို့၏ ခေါင်းဆောင်ဖြစ်သော၊ လူကြီးမင်း ကာနယ်ဝက်ဂျူဒ ဇနီးမောင်နှံတို့လည်း၊ ရန်ကုန်မြို့သို့ဆိုက်နေကြောင်းများကိုကြားသိတော်မူရပါတယ်တဲ့။

၎င်းပြင်၊ အနှစ်မှ တခန်း၊ နတ်တော် လဆန်း ၇-ရက်နေ့ ထုတ်၊ သူရိယခေါင်းကြီး၌၊ တကြောင်းပြီးတကြောင်းတွေ့မြင်ရသည့်မှာ၊ ဤသို့ပေတည်းတဲ့၊ အဘယ်သို့နည်းဟူမူ၊

"မြန်မာ နိုင်ငံတော် တရှမ်းလုံး၌ ရှိသောသော ကျောင်း သားသူငယ်တို့ ဦးရေမှာ၊ အစိုးရကျောင်းများတွင်ရင်း၊ ပြည်သူတို့ တည်ထောင် ထားသည့် ကျောင်းများ တွင်ရင်း၊ ငါးသိန်းကျော် ရှိလေသည်၊ ဤမျှလောက် များပြား သော ကျောင်းသား သူငယ်များကို၊ အမျိုးသားတသင်ကျောင်းများတွင်၊ စာပေနေရာတကျ သင်ကြားပေးရန်အတွက်၊ ငွေအမြောက်အများလိုမည်ကား မှုချပေတည်း။ ယခုအခါမြန်မာပြည်တွင်၊ ၎င်းကျောင်းသားများ အတွက်၊ တနှစ်လျှင် ငွေသိန်းပေါင်း ၇၀-ကျော် ကုန်ကျခံရလေသည်၊ အမျိုးသားကျောင်းများအတွက်မူ၊ ဤမျှလောက်ကုန်ကျစရာမရှိချေ၊ ဤငွေတဝက်မျှကုန်ကျလျှင်၊ လုံလောက်စရာရှိသည်ဟု-ကျွန်ုပ်တို့ထင်မြင်သဘောရရှိလေသည်၊

ဤမျှလောက်လေးသောဝန်ကို၊ နေရာတကျ ထမ်းရွက်နိုင်သော သူတို့မှာ၊ အခွန် အတုတ်ကို ခွဲခန့်ကောက်ခံ ပိုင်သော အစိုးရတို့

သည့်အျှင်။ ထမ်းရွက်နိုင်သောဝန်ဖြစ်သည်ဟုကျွန်ုပ်တို့သဘော ရရှိလေသည်” ဟုရေးသွင်းဖြန့်ရေးခဲ့တဲ့။

ဒို-ဘပညာမအပေါင်းသူတော်ကောင်းတို့၊ ၊ငုံးဖြင်တဖန်၊ ကြားသိရဖြန့်သည် မှာလည်း၊ အင်္ဂလန်ပြည်မှ ရောက် လာ သူ၊ ပါလီမန်လူကြီးမင်းကာနယ်ဝက်ဂျရသည်၊ဤမည်ဤမည်သော ရန်ကုန်မြို့သားဓကာကြီးဓကာမကြီးများနှင့်၊ ထိုမည်ထိုမည်သော သင်ဝိတ်ဖျောက်ကျောင်းသားဘွိုင်းကောက်တသားတို့အား။ စကား စမြည်ထိုထိုဤဤပြောဆိုသည်မှာလည်း၊ အောက်ပါအတိုင်းပင် တည်း။

### အင်္ဂလန်ပြည် ပါလီမန်လူကြီး ကာနယ်ဝက်ဂျွဲ့ ပြောဆိုသောစကား။

“မြန်မာ ပြည်တွင်၊ ပညာ သင်ကြား ရေး နည်းစနစ် သည်၊ မထားရှားသဖြင့်စီမံချက်ဖြစ်လေသည်။ ပညာသင်ကြားရေး စနစ် သည်၊ ၂-မျိုး ၂-စားရှိ၍၊ တမျိုးမှာ ကျွန်ဖြစ်စေသောပညာနှင့်၊ နောက်တမျိုးမှာ သခင် ဖြစ်စေသော ပညာ ဖြစ်ကြောင်း၊ မြန်မာ နိုင်ငံတွင်၊ ( European Code )ခေါ် အင်္ဂလိပ်ကလေးများသင်ရ သောစနစ်သည်၊ သခင်ဖြစ်စေသောစနစ်ဖြစ်ကြောင်း။ ( Anglo Vernacular Code. )ခေါ် မြန်မာ ကလေးများ သင်ကြား ရသော စနစ်သည်၊ကျွန်ဖြစ်စေသောစနစ်ဖြစ်ကြောင်း။ဗြိတိသျှရည်ရွယ် ချက်မှာ၊ ကျွန်ဖြစ်စေသောပညာစနစ်မျိုးမဟုတ်ရုံမျှမက၊ မိမိတို့ အစိုးရပါ နိုင်ငံတော်ကြီး အတွင်း နေထိုင်ကြသူ မည်သည့် လူမျိုးမည်သည့်ဘာသာဝင်ဖြစ်စေ၊အရာရာတိုင်းတွင်တူမျှသော အကျိုးကိုခံစားကြစေရန်ဖြစ်၍၊ သခင်ဖြစ်စေသောပညာစနစ်ကို၊ မြန်မာပြည်တွင်၊ ညီတူညီမျှ အတူတူ တမျိုးတစားတည်းထား သင့်ကြောင်း။ မြန်မာလူမျိုးတို့သည်၊အုပ်ချုပ်ရေးမှုဖြင့်ခြင်းစနစ် ကိုရကြသောအခါ၊မိမိတို့အလိုရှိသလိုပြုပြင်စီမံနိုင်ကြကြောင်း။

ရင်းကာသလ မတိုင်မရောက်မီ ပညာရေး ဌာနတွင် ခရစ်ချုပ်စီမံဆောင်ရွက်လျက် ရှိကြသူ အင်္ဂလိပ် အစိုးရ အရာရှိ တို့ သည်၊ အထက်ကဖော်ပြချက်အတိုင်းပြုပြင်စီမံပေးသင့်ကြောင်း၊

ဤမြန်မာပြည်၌သာလျှင်မဟုတ်၊အိန္ဒိယနိုင်ငံမှစ၍အာရှတိုက်တပိုင်းလုံး၌၊ကျောင်းသားသူငယ်တို့သည်၊တိုင်းရေးပြည်မှုကိစ္စနှင့် စပ် လျဉ်း၍၊ များစွာထက်မြက် သော သူများ ဖြစ် ကြောင်း။ ကျောင်းသား များသည်၊ နောင်အခါ၌ တိုင်းကျိုး ပြည်ကျိုး ကို၊ ဆောင်ရွက်ကြမည့် သူများဖြစ်၍၊ ရင်းကျောင်းသားများ သည်သာလျှင်၊ ဤအရှေ့ဘက် တိုင်း နိုင်ငံ များတွင်၊ တိုင်းရေးပြည်မှုကိစ္စနှင့်ပတ်သက်၍၊ ဟုတ်ဟုတ်ငြားငြားဆောင်ရွက်မည့်သူများဖြစ်ကြောင်း၊ ကျောင်းသားသူငယ်များကို အထက်ပညာသင်ပေးခြင်းမည်သည်မှာ၊ထိုသူငယ်များ၏စိတ်တွင်းရှိဥာဏ်များကိုထိရအောင်ဆွဲယူ၍၊ ထိုသူငယ်များသည်၊ နောင်လူလားမြောက်လာသောအခါ၌၊ အခြား သူများကို 'အားမကိုးဘဲ၊ အခြား သူများ၏သဘောအတိုင်းမလိုက်နာဘဲ၊ မိမိတို့၏ကိုယ်ကိုသာလျှင် မိမိတို့ကိုးသော်၊ မိမိတို့၏ကိုယ်ကိုသာလျှင်မိမိတို့အားထားသောသဘောထားရှိ စေရန်၊ ငယ်စဉ် အခါကပင် ထိုသူငယ် များ၏ အကျင့်စာရိတ္တများကို ပြုပြင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့စီမံပြုလုပ်မှသာလျှင်၊မှန်သောပညာသင်ကြားပေးခြင်းမည်ကြောင်း။ သို့ရာတွင်မြန်မာပြည်၌မူ၊ ထိုဆိုအပ်ခဲ့ပြီးသောပညာမျိုးကိုရရှိကြမည်ဟူ၍ မိမိမထင်မြင်ချေ၊

အင်္ဂလန်ပြည်မှာ လည်း ထိုနည်း တူစွာ ဖြစ်တုံး ကြောင်း၊ အင်္ဂလန် ပြည် အစိုးရ တို့သည်၊ များစွာ သော ဆင်းရဲ သားအပေါင်း တို့၊ လူများ၏ အစေ ခံ အ လုပ် သ မား များ ဖြစ် စေသော၊ အထက် ပညာ မျိုးကို သာ လျှင်၊ သင်ကြား ပေးလို ကြကြောင်း၊ သို့ရာတွင်၊ သူ ဘဝရေး၏ ကျွန်အစေခံ ဖြစ်ရမည်ထက်၊ သေရသည်က သာ၍ ကောင်းမည် ဖြစ်ကြောင်း။ ကျောင်း သားသူငယ်များကို၊ နောင်လူလားမြောက်လာသည့်အခါ၌၊ရှေ့နေများ

နှင့် အမိုးရ အစေခံ များ မဖြစ် စေဘဲ၊ မိမိတို့ကိုယ်ကို မိမိ တို့ ဦးဆောင်ပြုရပ်၍၊ ကမ္ဘာတဝှမ်းလုံးနှင့်ရန်သွတ်ခြင်းလုပ်ငန်း၌ ခေါင်းဆောင်လူကြီးများ ဖြစ်စေနိုင်သည့် ပညာရပ်များကို သာလျှင်သင်ကြားပေးသင့်ကြောင်း"၊

ဒီ-ယောဂီမရှားစွာတရေးနာတို့၊ အဆိုပါသူရိယ,ကြွက်ရပ်တို့၊ ငှင်းခေါင်းကြီးတို့၊ ဒကာကြီး-ကာနယ်ဝက်ဂျဝုတို့၊ အရရ အချပ်ချပ် ရေးသားပြောဆိုကြတဲ့ စကားဝသလာ၊ များစွာသော စကား တွေကို၊ တွေ့မြင် ဘတ်ရှု ကြားနာရပြီ။ များစွာ မကြာမီ အတွင်းမှာဘဲ၊ ယင်းသို့သော ဘိုးကောက်တာတို့ရဲ့ ဖြန့်ကြားရေးမှာနကလုတ်ဖြန့်တဲ့အောက်ပါစာကို၊ ဆရာတပန်း၊တွေ့ရှိဖြန့် ရေ့ဘဲ၊ ၊ဘယ်သို့ဘာညွှာဘာကိုတွေ့ရှိရပါသနည်းဟူမူ၊

## သူရိယသတင်းစာနှင့်ကျောင်းသားများတို့၏
## လူကြီးမိဘများသိသာရန်။

ယခုနတ်ဘတ်ထသန်း ၆-ရက်နေ့ထွက်၊သူရိယသတင်းစာ ခေါင်းကြီးတွင်၊ ကျောင်းသားများ ကျောင်းဖြန့်ဝင်သင့်ကြောင်း ရေးသားသောအချက်တို့မှာ၊ အောက်ပါအတိုင်းဖြစ်ကြောင်း။

(၁) ကာနယ်ဝက်ဂျုရအကြံပေးသည့်အတိုင်းကောလိပ်ကျောင်းသားများ၊ တက်မည် ဖြစ်လျှင်လည်း။ တညီ တညွတ် တည်း ဖြန့်၍တက်ကြရန်၊ သို့မဟုတ်၊ ဖြန့်၍ မတက်နိုင်ကြ လျှင်လည်း၊ တခါတည်း တညီတညွတ်တည်း ဖြန့်၍ မတက် ကြရန် သင့်ကြောင်း။

(၂) အယခုတ် သဖြင့်၊ ရန်ကုန်မြို့တွင်၊ တိုင်းရင်း သားတို့ ကောလိပ်ကျောင်းနှင့် ဟိုက်စကူးကျောင်း၊ မကြာမီ ဖြစ်စေရန်၊ တိုင်းပြည်ကကြိုးစားအားထုတ်အင်ကြောင်း။

(၃) ကျောင်းဖြန့်မတက်ဘဲ နေကြလျှင်၊ ကျောင်းသားတို့ ပညာမတတ်ဘဲ၊ အချိန်ကို အလဟဿ ကုန်စေ လိမ့်မည် ဖြစ် ကြောင်း။

(၄) ယခုမြန်မာပြည်ရှိ၊အစိုးရတို့တည်ထောင်ထားသော ကျောင်းတို့သည်၊မြန်မာတို့ထံ၌ရသောငွေဖြင့် ဆောက်လုပ်ထား သောကျောင်းများဖြစ်၍ တိုင်းပြည်၏ကျောင်းပင် ဖြစ်သည်ဟု ဆိုအပ်ရကား၊ ကျောင်းသားတို့ ကျောင်းများသို့ ပြန်၍ ဝင်သင့် ကြောင်း။

(၅) ဤသို့ ကျောင်းသားများပြန်၍ဝင်ရောက်သင်ကြားနေ စဉ်၊ ဝိုင်-အမ်-ဘီ-အေ-နှင့် အသားတူ အသင်းတို့ သည် ၎င်း။ ကောလိပ် ကျောင်းသား တို့သည်၎င်း။ အခြား ပြည်သူပြည်သား တို့ သည် ၎င်း။ ပူး ပေါင်း တိုင်ပင် ၍၊ ယခု မကြိုက် သော ထိုပွဲ ကျောင်းဥပဒေကိုဖျက်ဆီးရန်ဆောင်ရွက်သင့်ကြောင်း။

ဤသို့ ကျောင်းပြန် ဝင်သင့် ကြောင်း။ အကြောင်း (၅) ချက်ပြရာ၊ ကျွန်ုပ်တို့က၊တချက်စီဖြေဆိုမည်ဖြစ်ကြောင်း။

(၁)-အချက်၊ ၊ကာနယ် ဝက်ဂျုရက ပြောပြ သည့် မှာ၊ မြန်ဘက်ချောင် တက်၊ မတက်နိုင် ချောင်၊ တညီ တညွတ် တည်း မတက်ဘဲ နေကြဟု ဆိုသည့် အပျောက်၊ ကျွန်ုပ်တို့မှာ၊ အလို မပြည့်သမျှ ကာလ ပတ်လုံး၊ အဘယ်တယောက်မျှ ပြန်၍ မတက်ဟု ဆုံးဖြတ်ပြီးဖြစ်၍၊ တညီ တညွတ် တည်း မတက်ဘဲပင်၊ နေကြ တော့မည်၊

(၂)-အချက်၊ ၊တိုင်းရင်းသားတို့ ကျောင်းဖြစ်ရန်မှာကား၊ အားလုံး သဘောတူကြသော အချက်ဖြစ်၍၊ ငွေရကြ သည်မှာ၊ အထောက်အထားပင်ငွေရချေပြီ၊

(၃)-အချက်၊ ၊ကျောင်းပြန်မတက်ဘဲနေကြလျှင်၊ကလေး တွေပညာမရဘဲ အချိန်ကုန်မည် ဆိုသသ်မှာ၊ ယခုတွက်ထားကြ သောကျောင်းသားများသည်၊ ဤအကြောင်းကိုရှေးဦးမတွက်ပင် တင်ပင်၍မြင်ပြီးဖြစ်သည်၊ကာနယ်ဝက်ဂျုရက်ကထည်း၊ကျောင်း မတက်ဘဲနေစဉ် အတွင်း၊အလဟဿမဖြစ်စေရန်၊ မိမိတို့အလို

အဓဘ္ဘာဘ်။ ကျောင်းများဘွင့်လှစ်၍သင်နေသင့်သည်ဟု မိန့်ဆိုဘူးကြောင်း၊ ထိုသို့ ဖြစ်သည့် အား ဝေျာ်ရွာ။ ကလေးများကို အတန်းအစဉ်ခွဲ၍ ပညာသင်ကြားပေးရန်၊ စီမံပြီး ဖြစ်ကြောင်း။ ဤ အကြောင်းကိုလည်း၊ကျောင်းဘွင့်ကြော်ငြာစာတွင်၊အကျယ်ထဝင့်ဘိရှိကြရန် ဘတ်ရှုကြပါစေလိုကြောင်း၊ သို့ကြောင့် ကျောင်းသားများပညာမရနိုင်မတွေးမထင်အပ်ကြောင်း။ ။အဘွေးကား၊ ယခုအခါ၌ ပညာအစစ်ကို ရကြ ချေတော့ သည်၊ ဝဏ္ဏပေါ်မှာ တောင်ရုံဝျော်ရုံ ရေးထား သော လက်မှတ် ကို၊ မလိုတော့ပြီဖြစ်ကြောင်း။

ဤနေ့မှစ၍၊ ပညာသင် သားတို့မှာ၊ "စွန့်ပညာ"မဟုတ်ဘဲ၊ "သခင်ပညာ"ကိုရကြတော့မည်ဖြစ်ကြောင်း။

(၄)-အချက်၊ ။ယခုမြန်မာပြည်၌ကျောင်းတို့မှာမြန်မာငွေနှင့်ဆောက်လုပ်တည်ထောင်ခြင်းကြောင့်၊မြန်မာတို့ကျောင်းများဖြစ်ကြသည့်အဓဘ္ဘာဘ်။ ကျောင်းမြန်တက်သင့်ကြသည်ဟု ဆိုသည်မှာ၊ ယခုသပိတ်မှောက် လာကြ သည်မှာ၊ ကျောင်း သက်သက်ကို အရင်း ထား၍၊ သပိတ်မှောက် လာကြသည် မဟုတ်၊ ပညာဥပဒေကို၊ သပိတ်မှောက် လာကြခြင်း ဖြစ်သည်၊ အဆိုပါကျောင်းတို့၌၊ သပိတ်မှောက်ထားသောဥပဒေအတိုင်းသာ သင်ကြားကြရမည် ဖြစ်သဖြင့်၊ အသို့လျှင်၊ ကျွန်ုပ်တို့ပြန်၍ ဝင်နိုင်ဖို့နည်း။ ကျောင်းကိုရုံမက်၍ ပြန်သွားလျှင် မနှစ်သက် အပ်သောဥပဒေနှင့်တွေ့ကြတော့မည်။ သို့ကြောင့်၊အကျွန်ုပ်တို့"မ-ကိုမချစ်က၊ ဥ-ကိုမချစ်နိုင်"ပြန်သွားရန်အကြောင်းမရှိ။

(၅)-အချက်။ ။ကျောင်းသားများကျောင်းသို့ပြန်ဝင်၍ဥပဒေဖျက်ရန် ကြိုးစားအပ်သည် ဆိုသည်မှာ၊ လူ့အပေါင်းတို့ ရိပ်မိကြဟန်မတူသေး။ အကျိုးအကြောင်းနှင့်ပြသ၍၊ ပြောဆိုတောင်းပန်လျှင်၊ အရေးအလျှင်းမယူ၊ သို့မဟုတ်အလွန်နှောင့်နှေးစွာယင့်ပြ၍ထားတတ်သည်၊ မည်သည့်အခါမှ ပြီးဆုံးအောင်မလုပ်၊ ဟိုတို

သည်သည်ပြောဆိုရ၍ ကြွက်ဥတလုံးကွာလုပ်ထားခြင်းသာများချေ သည်။ "စဉ်းစားလျက်ပင်ရှိသေးသည်" ဆိုသောစကားကို၊ အမြဲ သို့ စွဲလျက်ရှိသည်၊ ဥပမာပြဆို၊ ဇိုင်ယာသနဲ့ကျွန်းဆုပ်ချုပ်ရေး နှင့်ပတ်သက်၍၊ အနှစ် နှစ်ရာကျော် သုံးရာခန့်၊ ယခုတိုင်စဉ်းစား လျက်ရှိသေးသည်၊ အိန္ဒိယပြည်အရေးကိစ္စနှင့်ပတ်သက်၍လည်း၊ အနှစ် သုံးဆယ်ကျော် တိုင်တိုင်၊ ယခု နေ့ထိ "စဉ်းစား လျက်ရှိ သေးသည်"၊ မြန်မာပြည် မြို့ပြင် ပြောင်းလဲ ရေးနှင့် ပတ်သက်၍ လည်း၊ ယခုတိုင် "စဉ်းစားလျက်ရှိသေးသည်"၊ ရွှေတိဂုံဘုရား မြေကို၊ ခံတပ်လုပ်ထားရာ၊ ပြောင်းရွှေ့ရန်အရေးမှာလည်း၊ ယခု တိုင် "စဉ်းစားလျက်ရှိသေးသည်"၊ ဂျာကာမြစ်ကို၍ ဘီနပ်မစီး ရန်ကိစ္စမှာလည်း၊ ယခုတိုင် "စဉ်းစားလျက်ရှိသေးသည်"၊ ဤ သည်တို့ကား၊ အမြွက်မျှသာဖြစ်သည်၊ ဤသည်တို့ကို ထောက် သော်၊ သိပ္ပံကျောင်းဥပဒေဖြစ်ထွန်းရေးကိစ္စမှာလည်း၊ ငါးနှစ်မျှ အဆုံးမရှိနိုင်သလောက် "စဉ်းစားဦးမည်" မှာလည်း၊ မြေကြီးထက် ခတ်မလွဲ ချစ်ချသည့်၊ တော ဘွဲ့ခွင်းသည်။ ဝိုင်-အမ်-ဘီ-အေ- နှင့်မြန်မာတပြည်လုံးက၊ အထိတ်ထိတ်အလန့်လန့်သောသူများမှာ၊ ဤဥပဒေကို ဖျက်ရန် ကြိုးစား ခဲ့ကြသည် မဟုတ်ပါလော၊ ရပါ၏လော၊ နား ထောင်ပါ၏လော၊ အရေးယူပါ၏လော၊ ထို့ကြောင့်ရကား၊ ယခင် ကကဲ့သို့ပင် ပြောဆိုသွားနေ၍ ပြီးမည်မဟုတ်၊ တခါတည်း သပိတ်မှောက်လိုက်ခြင်းသည်သာလျှင်၊ အကောင်းဆုံးအမှန်ဆုံး နည်းဖြစ်ပါတော့သည်၊ အခြားမြော်သင့်စရာမရှိချေ။

အထူးအားဖြင့်၊ ရာဇ်ကြီးမိဘအပေါင်းတို့သည်၊ စိတ်ထွေပြား ခြင်းမရှိဘဲ၊ လုပ်မိသည့်အလုပ်ကို ပြီးဆုံးအောင်လုပ်ကြရှိဟူ၍၊ စိတ်တွင်းစွဲစွဲမြဲမြဲ အသည်းတွင် ထဲဆိပ်ခတ်၍၊ ကြပ်ကြပ်ကြီး သတိ ထား စေ ရန်၊ တောင်း ပန်၍ ဘော်ပြ လိုက် ရ ပါ သည် တမင်း၊

သပိတ်မှောက်သမားများ။

## သပိတ်မှောက်ပြီးဖြစ်သောကောလိပ်ကျောင်းများ၊

### (၁) ရန်ကုန်ကောလိပ်၊ (၂) ယုဒသန်ကောလိပ်၊

### အခြားကျောင်းများ။

ရန်ကုန်မြို့။ ။(၁)စိန့်ပေါလ်ကျောင်း။ (၂)စိန့်ဂျွန်း။ (၃)မက်သဒစ်၊ (၄) အစိုးရဟိုက်စကူး၊ (၅) ခေ့ဗီးယား။ (၆)မူဆလမန်၊ (၇)အေ-ဘီ-အမ် မိန်းကလေးကျောင်း။[ကျောင်းသင်ယင်ပိတ်ထားသည်]၊ (၈) စိန့်မိုက်ကယ် ကျောင်း။ (၉) စိန့်ဘင်နဲဘတ်၊ (၁၀) ကုလားရှင်းဟိုက်စကူး။(ဘာသာရေးအတွက်၊)

မန္တလေးမြို့။ ။(၁၁) ဗုဒ္ဓဘာသာဟိုက်စကူး၊ (၁၂)ဝက်စလီယန်၊ (၁၃) စိန့်ပီတာ၊ (၁၄) အေ-ဘီ-အမ်၊(၁၅)အစိုးရနေ့သိမ်း၊ (၁၆) အင်္ဂလိပ်ကျောင်း။ (၁၇) မိန်းကလေးကျောင်း။

မော်လမြိုင်မြို့။ ။(၁၈) စိန့် ပက် တ ရစ် ဟိုက် စ ကူး၊ (၁၉) အစိုးရ ဟိုက် စ ကူး၊ (၂၀) ယုဒသန် ဟိုက် စ ကူး၊ (၂၁) အစိုးရဟိုက်စကူး၊ (၂၂) အင်္ဂလိပ်ကျောင်း။

ပြည်မြို့။ ။(၂၃) အစိုးရဟိုက်စကူး။

ပုသိမ်မြို့။ ။(၂၄) အစိုးရကျောင်း။ (၂၅) အေဘီအမ်၊

ပဲခူးမြို့။ ။(၂၆) အစိုးရဟိုက်စကူး။ (၂၇) ဗိုင်-အမ်-ဘီ အေ-ကျောင်း။

သက်ပုံတန်း။ ။(၂၈) အစိုးရဟိုက်စကူး။

သာယာဝတီ။ ။(၂၉) အေ-ဘီ-အမ် ဟိုက်စကူး။ (၃၀) ဗုဒ္ဓဘာသာကျောင်း။

ညောင်တုန်း။ ။(၃၁) အစိုးရဟိုက်စကူး။

အခဆုံ။ ။(၃၂) အစိုးရဟိုက်စကူး။


ပျဉ်းမနား။ ။(၃၃) အေ-ဘီ-အမ်-ဟိုက်စကူး။ (၃၄)ဗုဒ္ဓဘာသာကျောင်း။

စနိဂြိုဟ်။ ။(၃၅) အစိုးရဟိုက်စကူး။
ရွှေဓာတ်။ ။(၃၆) အစိုးရကျောင်း။
မြင်းဖြူ။ ။(၃၇) ဒေး-ဘီ-အမ်-ဟိုက်စကူး။
ဟင်္သာတ။ ။(၃၈) အစိုးရဟိုက်စကူး။ (၃၉) ဒေး-ဘီ-အမ်။
သုံးခွ။ ။(၄၀) မက်သဒစ်ကျောင်း။
မင်းဘူး။ ။(၄၁) အစိုးရဟိုက်စကူး။
မြန်အောင်။ ။(၄၂) အစိုးရဟိုက်စကူး။

၁၂၀၂-ခု နတ်တော်လဆန်း ၆-ရက်နေ့တည့် ၁၂-နာရီအထိသပိတ်မှောက်ကြ သောကျောင်းပေါင်း (၄၄) ကျောင်းဖြစ်ပါသည်။

ဗဟန်းတွင်ကျောင်းဘွင့်မည့်အကြောင်း။

သိပ္ပံကျောင်းကိုသပိတ်မှောက်၍ထွက်လာကြသော ၁ တန်းမှ ၁၀-တန်းအထိ ကျောင်းသားများ အတွက်၊ ဗဟန်း အရပ်တွင် အားလပ်သည့် ဇရပ်တို့၌၊ ယာခု အခေါ အတွင်း၊ ကျောင်းဘွင့် တော့ မည် ဖြစ်ပါကြောင်း၊ ကျောင်း၍ ဘွင့်ရန် အချိန်အခါမှာ၊ အောက်ပါအတိုင်းဖြစ်လေသည်။



မြန်မာ သက္ကရာဇ် ၁၂၈၂–ခု၊ နတ်တော် လဆန်း-၇ - ရက် သောကြာနေ့ နံနက် ၈ချက် နာရီ ၁၁- နာရီအချိန်၊ ဇီဝိ ၅၊၅ ၊ နက္ခတ် ၂၃၊ ၂၂၊ ၊ ကံ့သက်၊ ကိုစိန်း ထိရသက်၊ ထိရစိန်း။ နက္ခတ်နှစ်ဘက်မြင်၊ ရာသီအားဖြင့်ဘရရန်၊ နေ့အားဖြင့် အမြိတ္တ ရန်။

ဖွားသင်သောအခါမြတ်တွင်၊ ကျောင်းကိုစ၍ ဖွင့်မည် ဖြစ်ပါ သည်။

ယခုခန့်မှန်းချက်အရမှာ၊ ဝရ ၄၀ ပါဝင်သောအတန်းပေါင်း ၃၀-ကျော် ဖြစ်ပါ သည်၊ ကောလိပ် ကျောင်း သား အိုင် အေ၊ ဘီ အေ များက ဆရာပြုလုပ်သင်ကြားမည်ဖြစ်သဖြင့်၊ ယခုဆရာ ၇၀ ကျော်ရှိပေပြီ၊ သင်ကြားရန်မှန်းထား သောပညာရပ်တို့မှာ၊ မြန်မာဘာသာပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ဂဏန်းဘာသာ၊ ပထဝီဝင်ဘာသာ၊ ရာဇဝင်ဘာသာ၊ကျန်းမာရေးဘာသာများမှ စ၍ဖြစ်ပါသည်။

ယခုမူကား၊ အချိန် အခါရ၍၊ ကျောင်းကို သေသေချာချာ ဖွင့် လိုက်ရပါသည်၊ နောင်များမကြာမီ၊ အသေအချာ၊ ဥပဒေ အရပ် ရပ်၊ ပညာရပ်အမျိုးမျိုး နည်းစနစ်စသည်တို့ကို၊ အကျယ်တဝင့် ကြော်ငြာလိုက်ပါမည်။ ၊ဤအတောအတွင်း၌၊ တိုင်းပြည်က ကျောင်းဖြစ်အောင် ကြိုးစားကြပါမည့် အကြောင်း၊ တောင်းပန် လိုက်ပါသည်။

* * * * *

